# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၆၉)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

### Covid ရောဂါကို ရင်ဆိုင်ကိုင်တွယ်ရာမှာ မိမိတို့နိုင်ငံ မျက်နှာမငယ်ရပါကြောင်း၊ ဒီဒေသရဲ့ အချမ်းသာဆုံးစာရင်းဝင်နိုင်ငံ မဟုတ်ပေမဲ့ စိန်ခေါ်မှုတွေကို အခုအထိ ပီပြင်စွာရင်ဆိုင်နိုင်ပါကြောင်း ရေးသားဖော်ပြ



နေပြည်တော် ဇွန် ၂၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ရောဂါကို ရင်ဆိုင်ကိုင်တွယ်ရာမှာ မိမိတို့နိုင်ငံ မျက်နှာမငယ်ရပါကြောင်း၊ ဒီဒေသရဲ့ အချမ်းသာဆုံး စာရင်းဝင်နိုင်ငံ မဟုတ်ပေမဲ့ စိန်ခေါ်မှုတွေကို အခုအထိ ပီပြင်စွာရင်ဆိုင်နိုင်ပါကြောင်း ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မနေ့က အာဆီယံထိပ်သီးအစည်းအဝေး ဆွေးနွေးမှုတွေကို Covid ကိစ္စက လွှမ်းမိုးနေတာ မထူးဆန်းပါကြောင်း၊ လက်ရှိ စိန်ခေါ်မှုတွေထက် အနာဂတ်မှာ ဘယ်လို ဒီကပ်ရောဂါကြီးရဲ့ အကျိုးဆက်တွေကို အကောင်းဘက်သာအောင် လုပ်နိုင်မလဲဆိုတာကို အလေးထားကြပါကြောင်း၊ တစ်ကမ္ဘာလုံးက ဒီလိုပဲတွေးနေကြပြီး အတွေးကို အလုပ်ဖြစ်ဖို့က အရေးကြီးပါကြောင်း။

အမျိုးသမီးများအရေး ဆွေးနွေးရာမှာလည်း အမျိုးသမီးများအပေါ် Covid ရဲ့ အကျိုးသက်ရောက်မှုများ၊ Covid အပြီး ပြန်လည်ထူထောင်ရေးမှာ အမျိုးသမီးများကဏ္ဍစသဖြင့် ဆွေးနွေးသွားပါကြောင်း၊ အမျိုးသားနိုင်ငံ့ခေါင်းဆောင်တစ်ဦးရဲ့ အပြောကိုတော့ မိမိသဘောကျလို့ မျှဝေလိုက်ပါကြောင်း၊ အမျိုးသားများဟာ မိမိတို့ရနေတဲ့နေရာ၊ ရာထူး၊ အခွင့်အရေးတွေဟာ မိမိတို့ တော်လွန်းလို့ပဲ ရတာမဟုတ်၊ အမျိုးသားတွေဖြစ်ခြင်းကြောင့်သာ ရတာတွေလည်း ရှိတာကို သတိမပြုမိကြဘူးဟူ၍ ဖြစ်ပါကြောင်း။

ဒါအများကြီး စဉ်းစားစရာဖြစ်ပြီး မိမိတို့ အမျိုးသမီးတွေ အလုပ်ကြိုးစားတာ၊ တော်တာ ဘယ်သူမှ မငြင်းနိုင်ပါကြောင်း၊ ယခုအချိန်မှာ အမြင့်ဆုံးရာထူးတွေ ရရှိထားသူအများစုဟာ အမျိုးသားတွေဆိုတာလည်း မငြင်းနိုင်ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဝန်ထမ်း (၇၀)% လောက်ဟာ အမျိုးသမီးတွေ ဖြစ်ပါကြောင်း၊ နောင် (၁၀)နှစ်လောက်ကြာရင် အခြေအနေတွေ ဘယ်လိုများ နေပါမလဲဆိုတာကို တွေးရပါကြောင်း၊ မိမိကတော့ အမျိုးသမီး၊ အမျိုးသား ၅၀% လောက်စီ ဖြစ်စေချင်ပါကြောင်း၊ ပြည်ပမှာ မိမိတို့နိုင်ငံကို အမျိုးသမီး၊ အမျိုးသားအတူတူ တက်ညီလက်ညီ ကိုယ်စားပြုတာ မြင်တွေ့ချင်ပါကြောင်း၊ နိုင်ငံကို ကိုယ်စားပြုရာမှာ၊ နိုင်ငံ့ဝန်ကိုထမ်းရာမှာ အမျိုးသားတွေလည်း တက်တက်ကြွကြွပါစေချင်ပါကြောင်း၊ မိမိတို့လို အင်အားမကြီးမားလှတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဘယ်လိုလှုပ်ရှား ဆောင်ရွက်ရတယ်ဆိုတာကို အမျိုးသမီး၊ အမျိုးသားအားလုံး စိတ်ဝင်စားစေချင်ပါကြောင်း။

Covid ရောဂါကို ရင်ဆိုင်ကိုင်တွယ်ရာမှာ မိမိတို့နိုင်ငံ မျက်နှာမငယ်ရပါကြောင်း၊ ဒီဒေသရဲ့ အချမ်းသာဆုံးစာရင်းဝင်နိုင်ငံ မဟုတ်ပေမဲ့ စိန်ခေါ်မှုတွေကို အခုအထိ ပီပြင်စွာရင်ဆိုင်နိုင်ပါကြောင်း၊ ဇွန်လကုန်အထိ သတ်မှတ်ထားတဲ့ စည်းမျဉ်းများ ပြောင်းရေး၊ ပြင်ရေး၊ ဆက်လက်ထားရှိရေးတို့ကိုလည်း ယနေ့ ပြည်သူတွေကို အသိပေးမည်ဖြစ်ပါကြောင်း၊ "မလျှော့မတင်း စောင်းကြိုး ညှင်းသကဲ့" ဆိုတဲ့ အလယ်အလတ်လမ်းကို တည်တည်ငြိမ်ငြိမ် ဆက်ပြီး လျှောက်ကြရမှာပါ။ ဒီလမ်းခရီးမှာ တစ်ယောက်ပေါ်တစ်ယောက် နားလည်မှု၊ စာနာမှုတွေ ပိုပြီး ပေးတတ်သွားမယ်ဆိုရင်ကို အမြတ်ကြီးတစ်ခုပါပဲဟု ရေးသားထားသည်။

> " လက်ရှိ စိန်ခေါ်မှုတွေထက် အနာဂတ်မှာ ဘယ်လို ဒီကပ်ရောဂါကြီးရဲ့ အကျိုးဆက်တွေကို အကောင်းဘက်သာအောင် လုပ်နိုင်မလဲဆိုတာကို အလေးထားကြ၊ တစ်ကမ္ဘာလုံးက ဒီလိုပဲ တွေးနေကြပြီး အတွေးကို အလုပ်ဖြစ်ဖို့က အရေးကြီး "


GWI

COVID-19 ကပ်ရောဂါဘေးအန္တရာယ်မှကာကွယ်နိုင်ရန်
ကျန်းမာရေးအာမခံထားရှိပါ

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ
၀၉-၂၅၁ ၀၁၆ ၉၀၀

မြန်မာ့အလင်း

# မျိုးဆက် လက်ဆင့်ကမ်းမှု

ဒီမိုကရေစီစတင်ပွင့်လင်းလာပြီး တိုင်းပြည်ပြန်လည်ထူထောင်ရန် ကြိုးပမ်းရေးဟူသည်က ရေရှည်ခရီးဖြစ်သည်။ ရေရှည်ချီတက်ရမည့် ခရီးဖြစ်သည့်အတွက် ဒီမိုကရေစီရေး ယုံကြည်ချက်ကို မြဲမြဲကိုင်စွဲထားရန်လိုမည်။ ဒီမိုကရေစီအင်အားစုများကြား စည်းလုံးညီညွတ်ကြရန်လည်းလိုမည်။ မအောင်မြင်မှုများ၊ အခက်အခဲများ၊ အတားအဆီးအကျပ်အတည်းများ၊ သွေးဆောင်ဖြားယောင်းမှုများကို တည်တည်ငြိမ်ငြိမ်ဖြင့်၊ စိတ်ဓာတ် မပျက်မပြားဖြင့်၊ သက်လုံကောင်းကောင်းဖြင့် လျှောက်လှမ်းကြရန် လိုမည်။

အထူးသဖြင့် အရွယ်ရောက် ရင့်ကျက်နေသော တိုင်းပြည်တာဝန်ကို နေရာမျိုးစုံက နည်းမျိုးစုံဖြင့် ထမ်းရွက်ခွင့်ရနေကြသည့် သက်ကြီးမျိုးဆက်က လူငယ်မျိုးဆက်သစ်များကို အားကိုးအားထားပြုကြရန်လိုမည်။

အများအားဖြင့် လူတို့သည် အစဉ်အလာကို ကိုင်စွဲထားမိတတ်ကြသည်သာတည်း။ အစဉ်အလာကို လွန်လွန်မင်းမင်း ဆုပ်ကိုင်ထားမိသည့်အခါမျိုးတွင် လူငယ်တို့ကို တာဝန်လွှဲပေးရန် မဝံ့မရဲဖြစ်တတ်ကြ၏။ ကိုယ်မှမလုပ်လျှင် အခြားသူ မလုပ်နိုင်ဟု တွေးထင်ယူဆမိသည်တို့ကလည်း မျိုးဆက်ချင်း လက်ဆင့်ကမ်းခြင်းကို အဟန့်အတားဖြစ်စေတတ်၏။

လူငယ်မျိုးဆက်သစ်များကို နေရာပေး တာဝန်ယူစေခြင်းဖြင့် လက်တွေ့လုပ်ငန်းများကို အလေ့အကျင့်ရစေရန် စီမံပေးရန်လည်း လိုပါမည်။ တာဝန်များကို ယူရဲအောင်၊ စဉ်းစားတွေးတောရဲအောင်၊ ဆုံးဖြတ်အကောင်အထည်ဖော်ရဲအောင်၊ မိမိ၏ လုပ်ဆောင်မှုပေါ် တာဝန်ခံရဲအောင် စသည်ဖြင့် တဖြည်းဖြည်းချင်း အလေ့အကျင့်ပြု ဖော်ဆောင်နိုင်မည့်ကွင်းများ၊ နယ်ပယ်များကို ဖန်တီးပေးရန် လိုပါလိမ့်မည်။

ထို့ပြင် ကိုယ်ကျင့်ကောင်းသူများကို ပြုစုပျိုးထောင်သည်၊ ဝီရိယကြီးသူ၊ ဉာဏ်ကြီးသူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးသည်၊ တာဝန်ယူတတ်၊ တာဝန်ခံတတ်အောင် တာဝန်လွှဲအပ်နေရာပေးသည် ဆိုခြင်းတို့မှာ လူကြီးဖြစ်သူက ပေးလိုက်ခြင်းသက်သက်မျှမကဘဲ ကိုယ်တိုင်ကျင့်ကြံ ဆောင်ရွက်ခြင်းက အရေး ပါပါသည်။ လူကြီးတို့က မကျင့်ကြံဘဲ လူငယ်မျိုးဆက်ကို ကျင့်ကြံခိုင်းဖို့ မဖြစ်နိုင်ပါ။ ကိုယ်ကျင့်သီလနှင့် သတ္တိကောင်းမှု၊ ပညာဉာဏ်ကြီးမြင့်မှု၊ ရင့်ကျက်သဘောထားကြီးမှု၊ အမြော်အမြင်ကြီးမှု၊ ဝီရိယစိုက်ထုတ်မှု၊ အမှန်တရားပေါ် သစ္စာစောင့်သိရိုသေမှု၊ လူမျိုးဘာသာ အသားအရောင်နှင့် လိင်မခွဲခြားဘဲ တန်းတူညီမျှ ဆက်ဆံအလေးထားမှု၊ စည်းကမ်းဥပဒေတို့ကို လိုက်နာသေဝပ်မှု စသည်တို့ကို ကိုယ်တိုင်ကျင့်ကြံဆောက်တည်ခြင်းဖြင့် လူမှုအသိုက်အဝန်း၏ တိုးတက်ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းသာယာရေးတို့ကို တည်ဆောက်ကြရမည်သာ။

မျိုးဆက်ချင်း အမွေကူးဆက်သည်ဆိုရာတွင် ရှေ့မျိုးဆက်က နောက်မျိုးဆက်ကို ဒါကောင်းတယ် ဒါလုပ်ဟု ဆိုရုံဖြင့်မရ။ ကိုယ်တိုင်က အတုယူစရာ စံပြုစရာ ဖြစ်ဖို့လိုမည်။ ရှေ့မျိုးဆက်က မျိုးဆက်သစ်များကို ပခုံးပြောင်း တာဝန်များ လွှဲပြောင်းပေးအပ်ခြင်းတို့နှင့်အတူ၊ ကိုယ်တိုင်ကလည်း အများအတွက် နိုင်ငံအတွက်၊ အနာဂတ်အတွက်၊ လောကလူ့ရွာ လူ့ကမ္ဘာအတွက် ပျိုးထောင် စိုက်ပျိုးမှုများ၊ ကိုယ်တိုင်ဆေးခြယ် အလှဆင်မှုများ၊ ကိုယ်တိုင်ကျင့်ကြံ စောင့်ထိန်းမှုများဖြင့်သာ လူငယ် မျိုးဆက်သစ်တို့အတွက် နမူနာကောင်းများကို အမွေကောင်းများပေးရန် ဖြစ်မည်တည်း။ ။

# ၁၃၈၂ (၂၀၂၀) ပြည့်နှစ်၊ ဓမ္မာစရိယစာမေးပွဲ ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်

၁၃၈၂ (၂၀၂၀) ပြည့်နှစ်၊ ဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ဓမ္မာစရိယစာမေးပွဲ အချိန်ဇယား**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ဖြေဆိုပြီး | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၆)ရက်<br>(၁၀-၇-၂၀၂၀) သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(၂) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၇)ရက်<br>(၁၁-၇-၂၀၂၀) စနေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၈)ရက်<br>(၁၂-၇-၂၀၂၀) တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(၂) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၉)ရက်<br>(၁၃-၇-၂၀၂၀) တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၀)ရက်<br>(၁၄-၇-၂၀၂၀) အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(၂) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၁)ရက်<br>(၁၅-၇-၂၀၂၀) ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | မြန်မာဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂပါဠိအဋ္ဌကထာ<br>ပဋိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၂)ရက်<br>(၁၆-၇-၂၀၂၀) ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ပါဠိဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ(၁)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၃)ရက်<br>(၁၇-၇-၂၀၂၀) သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ပါဠိဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ(၂)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၂)<br>ဝိဘင်္ဂပါဠိအဋ္ဌကထာ(၂) |

၂၀၂၀ ပြည့်နှစ်၊ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ အချိန်စာရင်း

* ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ သောကြာနေ့မှ ပထမဝါဆိုလပြည့်ကျော် (၁၃)ရက်၊ သောကြာနေ့အထိ ၁၀-၇-၂၀၂၀ ရက်နေ့မှ ၁၇-၇-၂၀၂၀ ရက်နေ့အထိ၊ } ဓမ္မာစရိယ
* ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့မှ ဒုတိယဝါဆိုလဆန်း (၃)ရက်၊ ဗုဒ္ဓဟူးနေ့အထိ ၁၅-၇-၂၀၂၀ ရက်နေ့မှ ၂၂-၇-၂၀၂၀ ရက်နေ့အထိ၊ (၁၉-၇-၂၀၂၀ ရက်နေ့) အာဇာနည်နေ့နားရက် } ပါဠိပထမပြန်

သာသနာရေးဦးစီးဌာန

## ရွှေကျင်မြို့နယ်မှ ရော်ဘာခုတ်လှဲခွင့်ရ တောင်သူများအား မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များ ထောက်ပံ့ပေးအပ်

**အင်းတကော် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်မှ ရော်ဘာစိုက် တောင်သူများအား မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (အင်းတကော်)၌ ပြုလုပ်သည်။

ပျိုးပင်များပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်၊ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ရွှေကျင်မြို့နယ်မှ တောင်သူများ တက်ရောက်ကြပြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက ယနေ့ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းသည် ၂၀၁၉ ခုနှစ်အတွင်း ရွှေကျင်မြို့နယ်၌ ရော်ဘာပင်အိုခုတ်လှဲခွင့်ရရှိထားသော တောင်သူများအား ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ အလားတူ ပျိုးပင်ထောက်ပံ့ပေးအပ်ခြင်းကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း ဆောင်ရွက်နေကြောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းမှ ရော်ဘာစိုက်တောင်သူများ အနေဖြင့် ရော်ဘာပင်အိုများ ခုတ်လှဲခြင်းကို ခွင့်ပြုချက်တောင်းခံ၍ ဆောင်ရွက်သင့်ကြောင်း၊ ရော်ဘာပင်အိုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ခွင့်ပြုချက်ရယူ၍ ခုတ်လှဲပြီး ရော်ဘာသစ်အဖြစ်ထုတ်လုပ်ကာ နိုင်ငံခြားပို့ကုန်အဖြစ် ရောင်းချလျက်ရှိသလို အဆိုပါ ခုတ်လှဲခွင့်ရဧရိယာများတွင် အထွက်ကောင်း ရော်ဘာမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် ရော်ဘာပျိုးပင်များ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ စီးပွားရေးတွက်ခြေကိုက်မှုမရှိတော့သည့် ရော်ဘာပင်အိုများ၊ အစေးထွက်မကောင်းသော ရော်ဘာမျိုးရိုင်းများ နေရာတွင် ရော်ဘာ မျိုးကောင်းမျိုးသန့်များ ပြန်လည် စိုက်ပျိုးသင့်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၁၉ ခုနှစ်အတွင်း ရွှေကျင်မြို့နယ်မှ ရော်ဘာပင်အို ခုတ်လှဲခွင့်ရရှိထားသော တောင်သူများအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များဖြစ်သော PB 260, PB 235, RRIM 600, RRIT 251, BPM 24 မျိုး ပျိုးပင် ၁၂၂၅၃ ပင်ကို ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့်ခရိုင်ဦးစီးမှူးတို့က တောင်သူများထံ ပေးအပ်ကြသည်။ **သိမ်**

❖ *ကျောဖုံးမှ*

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းတွင် ကျင်းပပေးမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်ကာလသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားနေသည့်အချိန်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်နိုင်မှုအပေါ် မူတည်ပြီး သတ်မှတ်ကြေညာပေးသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအရ သက်ဆိုင်ရာလွှတ်တော်အလိုက် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာပြီးသည်နှင့် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို သတ်မှတ်ကြေညာပေးမည်ဖြစ်ပါကြောင်း၊ ယနေ့အထိ နိုင်ငံရေးပါတီ ၉၇ ပါတီရှိပြီးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံသည့်အခါမှသာ စုပြုံတင်ပြနေရခြင်းမျိုးထက် ပါတီများက တင်ပြလိုသည်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်သည့် တွေ့ဆုံပွဲများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် စီမံဆောင်ရွက်နေဆဲအချိန်တွင် နိုင်ငံရေးပါတီ ၃၀ ပါဝင်သော အစုအဖွဲ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မေးခွန်း ၁၂ ခု မေးမြန်းလာခဲ့ပါကြောင်း၊ ထိုမေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပါတီ ၃၀ သာမက ကျန်သော နိုင်ငံရေးပါတီများလည်း သိသင့်သိထိုက်သော အချက်များဖြစ်သည့်အတွက် ယခုကဲ့သို့သော တွေ့ဆုံပွဲတွင် ချပြဆွေးနွေးပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံပွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲအကြိုကာလ အစီအစဉ်တစ်ရပ်အနေဖြင့် မူလစီစဉ်ထားသည့်အတိုင်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**ပိုမိုကောင်းမွန်စေအောင်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မိမိတို့ဆောင်ရွက်ရသည့် ရွေးကောက်ပွဲများကို ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများထက် ပိုမိုကောင်းမွန်အောင် ရည်ရွယ်ဆောင်ရွက်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ(၅)ချက်ဖြင့် ကျင်းပမည်ဖြစ်သည်ကိုလည်း အားလုံးသို့ အသိပေးထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတစ်ကြိမ်ထက် တစ်ကြိမ် ပိုမိုကောင်းမွန်စေအောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် တူညီသောအခွင့်အရေးများရရှိစေရန် တည်ဆဲဥပဒေ/နည်းဥပဒေများနှင့်အညီ သမာသမတ်ကျကျ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း အများပြည်သူတို့က ပါတီအပေါ်တွင် ယုံကြည်မှုရှိ၍ မိမိတို့ပါတီမှ ကိုယ်စားလှယ်များ ရွေးချယ်ခြင်းခံရသည့် နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ကျောက်တင်ခံနိုင်အောင် ကြိုးစားပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်စေ၍ ရွေးကောက်ပွဲရလဒ်နှင့် ပြည်သူ့ဆန္ဒ တစ်ထပ်တည်း ကျစေရန်ဆိုသည့် စံများနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၃၀ တို့က ပေးပို့မေးမြန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ မေးခွန်း ၁၂ ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုဆိုပါကြောင်းနှင့် မေးမြန်းချက်များအား တက်ရောက်လာသည့် နိုင်ငံရေးပါတီများလည်း သိရှိနိုင်စေရန်အတွက် ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၏ အကြံပြုတင်ပြချက်များနှင့် မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောလုပ်ငန်းများနှင့် သစ်လုပ်ငန်းဆင်စခန်း ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်-တပ်ကုန်း အမှတ်(၁) လမ်းမကြီးဘေး ဖိုးဇောင်းတောင်ကြိုးဝိုင်းအတွင်း သစ်တောလုပ်ငန်းများ၊ နေပြည်တော် -ကံပြားလမ်း ငလိုက်ကြိုးဝိုင်းအတွင်း ဆောင်ရွက်ထားသော သစ်တောလုပ်ငန်းများနှင့် မြန်မာ့သစ်လုပ်ငန်း၊ ငလိုက်ဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်းမကြီးဘေး ဖိုးဇောင်းတောင်ကြိုးဝိုင်းတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးမည့် စိုက်ခင်းမြေနေရာ ပြုပြင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက ရေတိုက်စားနိုင်သည့် နေရာများတွင် ဗာတီဗာမြက်များ ကြိုတင်စိုက်ပျိုးထားရှိမှု၊ ဝါးမျိုးများ ကြိုတင်စိုက်ပျိုးထားရှိမှုကို စစ်ဆေးခဲ့သည်။ ဗာတီဗာမြက်များအား ထပ်မံစိုက်ပျိုးရန်နှင့် စိုက်ပျိုးရန်အတွက် ပြင်ဆင်ထားသည့် သစ်မျိုးများအား အသင့်ပြင်ဆင်ထားရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်-တပ်ကုန်း အမှတ်(၁) လမ်းမကြီးဘေးရှိ ၂၀၁၆ ခုနှစ် မိုးရာသီ၊ ၂၀၁၇ ခုနှစ် မိုးရာသီ၊ ၂၀၁၈ ခုနှစ် မိုးရာသီ၊ ၂၀၁၉ ခုနှစ် မိုးရာသီတို့တွင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားရှိခဲ့သော စိုက်ခင်းရှင်သန်အောင်မြင်မှုများနှင့် စိုက်ခင်းအတွင်း ဝါးမျိုးစိတ်များ ဖြည့်စွက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-ကံပြားလမ်း ငလိုက်ကြိုးဝိုင်းအတွင်းရှိ ၂၀၁၈ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၅၀ နှင့် ၂၀၁၉ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၅၀ တို့တွင် ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် စိုက်ခင်းအတွင်း Pot Tube ဖြင့် စိုက်ပျိုးထားသော ကျွန်းပျိုးပင်များ စမ်းသပ်စိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။ Pot Tube ဖြင့် စမ်းသပ်စိုက်ပျိုးထားသော ကျွန်းပင်များ၏ ကြီးထွားမှုကို မှတ်တမ်းပြုစုထားရန်၊ နယ်နိမိတ် စနစ်တကျ သတ်မှတ်ထားရန်နှင့် ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပင်ပူး/ပင်ခွများ စနစ်တကျ ကိုင်းချိုင်ရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ကူညီပံ့ပိုးငွေဖြင့် တည်ထောင်သည့် ၂၀၁၉ ခုနှစ် ဂေဟာစနစ်ဖြည့်တင်းရေး စိုက်ခင်းဧက ၁၀၀ တွင် အပင်များ ရှင်သန်အောင်မြင်နေမှုနှင့် ၂၀၂၀ ပြည့်နှစ် ဂေဟာစနစ်ဖြည့်တင်းရေးစိုက်ခင်းဧက ၁၀၀ တွင် စိုက်ပျိုးပြီးစီးမှုအား စစ်ဆေးသည်။ စိုက်ခင်းရှင်းလင်းဆောင်တွင် သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန ညွှန်ကြားရေးမှူးက ဂေဟာစနစ်ဖြည့်တင်းရေးစိုက်ခင်းများ ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းအတွင်း စိုက်ပျိုးထားသည့် ပျိုးပင်များ ရာနှုန်းပြည့် ရှင်သန်စေရေးအတွက် သေပင်များအား ပျိုးပင်ကြီးများဖြင့် ပြန်လည်ဖာထေးရန်၊ စာရင်းဇယားများအား စနစ်တကျပြုစုထားရန်၊ လုပ်ငန်းသုံးရန်ပုံငွေ သုံးစွဲမှုများအား မှတ်တမ်းပြုစုထားရန်၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း၊ ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းရှိ တောတွင်းဖြတ်လျှောက်လမ်း ဆောက်လုပ်ရန် ကိစ္စနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမည့် အခြေအနေအား လှည့်လည်စစ်ဆေးခဲ့ရာ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်း၊ ရေပေါ်ဗေဟတံတားနှင့် တောတွင်းဖြတ်လျှောက်လမ်းအတွင်း ပါဝင်သည့် ကြိုးတံတား၊ မြောင်ကျော်တံတား အမှတ်(၁)၊ (၂)တို့ ဆောင်ရွက်ထားရှိမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ငလိုက်ဆင်စခန်းအတွင်းရှိ ဆင်များအား ဆင်စာကျွေးခြင်းနှင့် အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ(၁/၂၀၂၀) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ(၁/၂၀၂၀) အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၂၀) ဖြင့် ဖွဲ့စည်းခဲ့သဖြင့် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီ၊ ကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ အကြံပေးကော်မတီ သို့မဟုတ် အမှုဆောင်ကော်မတီနှင့် ရုံးအဖွဲ့ ဖွဲ့စည်းရန်၊ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် တရားလွှတ်တော်ရှေ့နေများ၊ ငွေရေးကြေးရေးကိစ္စအတွက် စာရင်းပညာရှင်များ၊ လုပ်ငန်းပိုင်းဆိုင်ရာအတွက် စီးပွားရေးပညာရှင်များ ပါဝင်ဖွဲ့စည်းရန်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေတွင် အပိုင်း ၁၁ ပိုင်းပါဝင်ပြီး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များသဖြင့် အားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကြီးကြပ်ရေးကောင်စီဝင်များဖြစ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီဝင်များက ပြည်ထောင်စုစာရင်းစစ်ချုပ်အား ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြပြီး လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း ဖွဲ့စည်းထားရှိမှုကို အသိအမှတ်ပြုကြပြီး လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို မှတ်ပုံတင်လက်မှတ် ဆောလျင်စွာ ထုတ်ပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကာ ဦးစားပေး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၇**

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက နေပြည်တော်ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





**အဆင့်ဆင့်ပူးပေါင်းဆောင်ရွက်ရေး အရေးကြီး**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာကျောင်းများပြန်ဖွင့်ခြင်းသည် ကျောင်းသားကျောင်းသူများ သင်ယူမှုအခွင့်အလမ်း မဆုံးရှုံးအောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများကို ဇူလိုင် ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်လျက်ရှိရာ ကျန်းမာ၍ ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေးအတွက် အဆင့်ဆင့်တာဝန်ရှိသူများအနေဖြင့် မြေပြင်တွင်ဆောင်ရွက်နေကြသည့် ကျောင်း၊ ကျောင်းအုပ်များနှင့်ဆရာဆရာမများအား အခမဲ့ပညာရေး အကောင်အထည်ဖော်မှုအရ စာသင်ခန်း၊ စာသင်ခုံ၊ ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်များရောက်ရှိမှု၊ ရေနှင့် ဆပ်ပြာ၊ လက်ဆေးဂျယ်၊ သန့်စင်ခန်း၊ ကျောင်းသားဦးရေအရ ဖြန့်ဝေမည့် ကိုယ်ပူချိန်တိုင်း ကိရိယာ၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပြန်လည်အသုံးပြုနိုင်သော အဝတ်မတ်ခ်၊ မျက်နှာကာ၊ ပီပီအီး (PPE) အရန်ခန်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းသင်တန်း၊ သင်ကြားသင်ယူမှု နည်းလမ်းဆိုင်ရာ သင်တန်းပေးခြင်း၊ ပညာသင်နှစ်ကာလ စာသင်ချိန်၊ စာသင်ခန်း၊ စာသင်ခုံတို့အရ အနည်းဆုံးရှိသင့်သော ဆရာဦးရေ၊ သင်ယူတတ်မြောက်မှုကောင်းမွန်စေမည့် သင်ရိုးညွှန်းတမ်းနှင့် အကဲဖြတ်စစ်ဆေးခြင်း စသည့်လိုအပ်ချက်များ၊ အခက်အခဲများတို့ကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မိဘ၊ ဆရာ၊ ကျောင်းသားများနှင့် ကျောင်းကားများ လိုက်နာရမည့်အချက်များကို အသိပေးဖြန့်ဝေပြီးဖြစ်၍ စနစ်တကျတာဝန်ခွဲဝေပြီး အဆင့်ဆင့်ပူးပေါင်းဆောင်ရွက်ရေး အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝင်ငွေနည်း၍ အခက်အခဲရှိသော မိသားစုများမှ ကျောင်းသားလူငယ်များအား ပညာသင်ထောက်ပံ့ကြေးထောက်ပံ့ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျောင်းများပြန်ဖွင့်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး၊ ကျောင်းအပ်နှံရေးလုပ်ငန်းစီမံချက်များနှင့်အညီ ကျောင်းအပ်နှံရေးသီတင်းပတ်များကို ကျင်းပသွားရန်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်မဖွင့်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုများကိုလည်း စိစစ်ချက်မှတ်တမ်းများဖြင့် စီမံဖြည့်ဆည်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆောင်းပါးများဖြင့်လည်း အသိပေးဆောင်ရွက်ခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ကျောင်းဖွင့်ချိန်တွင်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစီမံချက်များအတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆောင်ရွက်မည့် ပညာရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ) ဒေါက်တာကျော်ဝင်းစိုး က စီမံဌာန၏ နောက်ဆုံးဆောင်ရွက်ထားရှိမှု၊ ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်သစ်သစ်ခိုင် က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ ကျောင်းဖွင့်အမီ ဘဏ္ဍာဌာန၏ ဆောင်ရွက်ထားရှိမှု၊ ဒုတိယညွှန်ကြားရေးမှူး (အင်/ယာ) ဦးစည်သူမြင့်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူရေး လုပ်ငန်းများအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ထားရှိမှု၊ ညွှန်ကြားရေးမှူး(ပညာ) ဒေါက်တာတင်ယုယုအေး က ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ရွက်ခြင်း၊ ဒုတိယညွှန်ကြားရေးမှူး (ကျောင်းသားရေးရာ) ဦးကိုကိုဌေး က ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ မိဘ၊ ဆရာ၊ ကျောင်းသားများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ လိုက်နာရမည့် အချက်များအား လည်းကောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်းများကြီးကြပ်အကဲဖြတ်) ဦးအေးလွင် က ကိုဗစ်-၁၉ ရောဂါကာကွယ်တာဆီးရေးနှင့် လုံခြုံဘေးကင်းစွာ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပြီးစီးမှု၊ ပင်မကျောင်းနှင့် အခြေစိုက်ကျောင်းများ ဆက်စပ်လုပ်ငန်းများ ဖြေလျှော့မှုအစီအစဉ်များ၊ ဒုတိယညွှန်ကြားရေးမှူး(သင်ကြား) ဒေါ်ချိုချိုဝင်းက ဒသမတန်း(Grade-11)သင်ရိုးဟောင်းနှင့် ဒသမတန်း (Grade-10) သင်ရိုးသစ် သင်ရိုးညွှန်းတမ်းများညှိနှိုင်းသင်ကြားခြင်း (မူကြမ်း)၊ ဒုတိယညွှန်ကြားရေးမှူး (ကြီးကြပ်အကဲဖြတ်) ဒေါ်သင်းနုနုစိန်က အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်မည့်အခြေအနေများ၊ အခြေခံပညာကျောင်းများ ရုံးများကြီးကြပ်အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ၊ ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်း) ဦးခင်အောင်ရီက ကိုဗစ်-၁၉ ရောဂါကာလအတွင်း လတ်တလောဆောင်ရွက်ချက်နှင့် စီမံကိန်းပါ ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု၊ ညွှန်ကြားရေးမှူး (နယ်စပ်ရေးရာ) ဒေါက်တာဥမ္မာသန်း က တိုင်းရင်းသားဘာသာစာပေများ သင်ကြားသင်ယူနေမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဒုတိယညွှန်ကြားရေးမှူး(ပုဂ္ဂလိက/ ကျောင်းပြင်ပ) ဦးကျော်မိုးထွန်းက ကိုယ်ပိုင်ကျောင်းရေးရာကိစ္စရပ်များ၊ ဒုတိယညွှန်ကြားရေးမှူး (ပြပွဲ၊ပြိုင်ပွဲ) ဦးခင်မောင်ကျော်က ပြပွဲ၊ ပြိုင်ပွဲ၊ စာကြည့်တိုက်နှင့် ပတ်သက်သောလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒုတိယညွှန်ကြားရေးမှူး (လွှတ်တော်) ဦးဇော်ထွန်းအောင်က လွှတ်တော်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပြန်လည်ဆွေးနွေး၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်ကာလအတွင်း မွေးမြူရေးနှင့် စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၇

**ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားလျက်ရှိသည့် ကာလအတွင်း ကြုံတွေ့လျက်ရှိနေကြသည့် မွေးမြူရေးဆိုင်ရာထိခိုက်နစ်နာမှုများအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးနှင့်စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း သိရသည်။**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ကောက်ယူခဲ့သော စစ်တမ်းများအရ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် မွေးမြူရေးထွက်ကုန်များ စားသုံးသူ လက်ဝယ်အရောက် အချိန်မီ မရောင်းချနိုင်ခြင်း၊ အသွားအလာကန့်သတ်မှုများကြောင့် ကုန်ပစ္စည်းများပျက်စီးရခြင်းနှင့် အသားဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရပြီး အသေးစားနှင့် အလတ်စားမွေးမြူသူများသည် ထိခိုက်မှုအများဆုံး ဖြစ်ပွားခဲ့ရသည်။

“ကိုဗစ်ကာလအတွင်း ကုန်စည်စီးဆင်းမှု နှေးကွေးသွားတာနဲ့အမျှ မွေးမြူထုတ်လုပ်မှု လုပ်ငန်းတွေ ထိခိုက်ခဲ့တဲ့အတွက် ဦးစီးဌာနအနေနဲ့ ကိုဗစ်ကာလနဲ့ ကိုဗစ်အလွန်ကာလ ကန့်သတ်မှုတွေ ဖြေလျှော့သွားတဲ့ အချိန်မှာပါ မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်ဦးမော့လာဖို့ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ ဈေးကွက်တည်ငြိမ်ရေးအတွက် ညှိနှိုင်းခြင်းနဲ့ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေခြင်းဆိုင်ရာ လုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက် ပေးနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မွေးမြူရေးလုပ်ငန်းဟာ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေအတွက် အရေးပါတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တွေ မွေးမြူပြီး အိမ်နီးချင်းနိုင်ငံတွေကို တင်ပို့ရောင်းချနေရတဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိနေတဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်” ဟု မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောသည်။



ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာရဲထွန်းဝင်း

**အထူးစီမံချက်ချ ဆောင်ရွက်**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ကိုဗစ်ကာလအတွင်း တိရစ္ဆာန်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် တိရစ္ဆာန်ရောဂါ ကျရောက်မှုကြောင့် ထပ်ဆောင်းထိခိုက်မှုများ မဖြစ်ပွားစေရန် လူနေထူထပ်ပြီး ကိုဗစ်ရောဂါ ခံစားလူနာတွေ့ရှိမှု အများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကျွဲနွားခွာနာလျှာနာ ကာကွယ်ဆေး၊ ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေးနှင့် ကြက်လည်လိမ်ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်းကို အထူးစီမံချက်ချ ဆောင်ရွက်ပေးလျက်ရှိသည်။

ဥရောပသမဂ္ဂ၏ ထောက်ပံ့ငွေယူရိုနှစ်သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျွဲနွားခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ မွေးမြူရေးသွင်းအားစုများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆုံးရှုံးမှုများကို ကာကွယ်ပေး**

ထို့အပြင် ကိုဗစ်ကာလအတွင်း ဝန်ထမ်းများအနေဖြင့် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ခက်ခဲသော်လည်း ကျေးရွာများရှိ တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ၏ အကူအညီဖြင့် ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်စေခြင်းဖြင့် တိရစ္ဆာန်ရောဂါ ကျရောက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်ခဲ့သည်။

ထို့အတူ အအေးခန်းသိုလှောင်ရုံများ စနစ်တကျ စတင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်မှ ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“တိရစ္ဆာန်ထွက် ပစ္စည်းတွေဖြစ်တဲ့ အသား၊ ဥ၊ နို့ စတဲ့ စားသောက်ကုန်တွေဟာ ပုပ်သိုးလွယ်တဲ့ပစ္စည်းတွေဖြစ်တဲ့အတွက် ကိုဗစ်ကာလအတွင်း အသွားအလာကန့်သတ်မှုတွေဖြစ်လာတဲ့အခါ ဈေးကွက်ကို အချိန်မီမပို့ဆောင်နိုင်ဘဲ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အထူးသဖြင့် အသေးစားနဲ့ အလတ်စားမွေးမြူရေးလုပ်ငန်းတွေ ထိခိုက်ခဲ့ရတဲ့အတွက် ကမ္ဘာ့ဘဏ်ချေးငွေ စီမံကိန်းအရ အမေရိကန်ဒေါ်လာ လေးသန်းရယူပြီး ရန်ကုန်၊ ပဲခူးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ အအေးခန်းသိုလှောင်ရုံတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ joint venture စနစ်နဲ့တည်ဆောက်သွားဖို့ ရည်ရွယ်ထားပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

မြန်မာပြည်သူများ အများဆုံးစားသုံးသည့် အသားဓာတ်ဖြစ်သော ကြက်ဥ၊ ကြက်သားများ စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်ပေးနိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မွေးမြူသူများအနေဖြင့် အွန်လိုင်းမှ အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မွေးမြူရေးကြက်မျိုးခြံနှင့် ဥဖောက်စက်များမှ ဈေးကွက်လိုအပ်ချက်ကို ကျော်လွန်ထုတ်လုပ်ခြင်းနှင့် ဈေးကစားခြင်းများမဖြစ်စေရန် လိုအပ်သော အချက်အလက်များ ကောက်ယူညှိနှိုင်းခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံခြားသားပိုင် ကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများအကြား ဈေးကွက်နှင့် လိုက်လျောညီထွေရှိသော ထုတ်လုပ်မှုရရှိနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်ဖြစ်ပွားမှုကာလ ကြာမြင့်လာသည်နှင့်အမျှ မွေးမြူရေးလုပ်ငန်းများအပေါ် ထိခိုက်မှုရှိလာနိုင်ပြီး အငယ်စားနှင့် အလတ်စားမွေးမြူသူများအနေဖြင့် မွေးမြူရေးလုပ်ငန်းကို ပြန်လည်ထူထောင်ရန် ခက်ခဲလာနိုင်သည့်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ခြင်း လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

“ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ မွေးမြူရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေ ထူထောင်နိုင်ဖို့ ရည်ရွယ်ပြီး မြို့နယ် ၁၀၉ မြို့နယ်မှာရှိတဲ့ မွေးမြူသူနဲ့ မွေးမြူရေးလုပ်ငန်း စတင်လုပ်ကိုင်လိုသူများကို မေထုန်မဲ့သားစပ်လုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ နွားမွေးမြူရေး၊ သိုးနဲ့ ဆိတ်မွေးမြူရေး၊ ဝက်မွေးမြူရေးနဲ့ ကြက်မွေးမြူရေးသင်တန်းတွေ ပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ ကန့်သတ်ချက်တွေ ဖြေလျှော့ပြီးနောက် မွေးမြူထုတ်လုပ်မှုတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပြန်လည်ဖော်ဆောင်ဖို့အထောက်အကူပြုမှာဖြစ်ပြီး CERP ရဲ့ ကျေးလက်ဒေသအတွင်း cash for work အစီအစဉ်တွေ၊ ဝင်ငွေရရှိမယ့် အလုပ်အကိုင်တွေဖန်တီးပေးခြင်း အစီအစဉ်အဖြစ် နိုင်ငံတော်ရဲ့ရန်ပုံငွေကျပ်သန်း ၁၄၄၀ နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

ထို့အပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ရောင်းအားကျဆင်း၍ ဝင်ငွေမရှိသော(သို့မဟုတ်) ပုံမှန်ပြည်ပငွေလွှဲများ မရရှိတော့သည့် အသေးစား တောင်သူလယ်သမားများအနေဖြင့် မိုးရာသီစိုက်ပျိုးချိန်အမီ လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူနိုင်ရန် ငွေကြေး(သို့မဟုတ်) ချေးငွေထောက်ပံ့ပေးခြင်းအစီအစဉ်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၁၇၀၀ တွင် အကောင်အထည်ဖော်ဆောင်မည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတွင်လည်း မွေးမြူသူများအတွက် ပံ့ပိုးငွေနှင့် ချေးငွေရရှိအောင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်**
**ဟန်နီဝင်း (သတင်းစဉ်)**

# ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုခြင်းများ ဆောင်ရွက်

**ပုသိမ် ဇွန် ၂၇**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုခြင်းများကို ဦးဆောင်အဖွဲ့အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ ဆောင်ရွက်ခဲ့သည်။

ဂုဏ်ပြုပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် ရန်ကုန်တိုင်းဒေသကြီးရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးထံ ပေးအပ်စဉ်။ သတင်းစဉ်

### အလှူငွေများ ဆက်ကပ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဓမ္မရံသီမိုးကုတ်ဝိပဿနာရိပ်သာ၌ Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့် နေရာသို့ ရောက်ရှိပြီး ရိပ်သာကျောင်းတိုက်ရှိ ဆရာတော်ဘဒ္ဒန္တသုနန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်သည်။ ထို့နောက် Quarantine ဝင်နေရသူများအတွက် အစားအသောက်များ ချက်ပြုတ်ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအားလုံးအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းနှင့် ပရဟိတကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း Quarantine Center များရှိ ကိုယ်ဝန်ဆောင်မိခင် ၆၅ ဦး၊ အသက် ၅ နှစ်အောက် ကလေး ၂၆ ဦး၊ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ၅၄ ဦး၊ မသန်စွမ်းသူတစ်ဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၃၈၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်သည်။

### ကျေးဇူးတင်အသိအမှတ်ပြု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပုသိမ်ပညာရေးကောလိပ်နှင့် တက္ကသိုလ်တို့၌ Quarantine Center များအဖြစ် ဖွင့်လှစ်ထားသည့် နေရာတွင် စေတနာ့ဝန်ထမ်းကိုယ်စားလှယ်၊ ပရဟိတကိုယ်စားလှယ်တို့နှင့် တွေ့ဆုံစဉ် ဤကာလတွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းတွေ့ဆုံ၍ အခမ်းအနားဖြင့် ဂုဏ်ပြုခြင်းများ ဆောင်ရွက်၍မရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ Quarantine Center များအရှေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကိုယ်စားလှယ်များမှတစ်ဆင့် တိုင်းဒေသကြီးတစ်ခုလုံးအတွက် လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသူများအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအားလုံးအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ခြင်း၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်နှင့် ပရဟိတကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး Quarantine Center များရှိ ကိုယ်ဝန်ဆောင်မိခင် ၇၉ ဦး၊ အသက် ၅ နှစ်အောက် ကလေး ၇၄ ဦး၊ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ၃၃ ဦးနှင့် မသန်စွမ်းသူလေးဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၇၀၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူထံသို့ ပေးအပ်သည်။

ယနေ့ စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၄၆၅၇ ဦး၊ ပရဟိတအဖွဲ့ ၂၂၄ ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၉၉၃၆ ဦး၊ ပရဟိတအဖွဲ့ ၁၇၇ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် ဂုဏ်ပြုလွှာများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့် စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

### ဂုဏ်ပြုလွှာများ ပေးအပ်

စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စာရင်းကျန်ရှိခြင်းများရှိပါကလည်း စိစစ်၍မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများမှတစ်ဆင့် ဂုဏ်ပြုလွှာများ ထပ်မံပေးအပ်လျက်ရှိပြီး ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေးလိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရွှေလောင်းတံတား၊ ဝါးခယ်မကြိုးတံတားများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယမန်နေ့ ညနေပိုင်းက ပန်းတနော်–ရွှေလောင်း–ဝါးခယ်မလမ်းပေါ်ရှိ ရွှေလောင်းတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပင်မတံတားပေါ်တွင် တံတားဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်နှင့် တာဝန်ရှိသူများက တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြသည်။**



ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့်တာဝန်ရှိသူများ ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ယင်းနောက် ဒုတိယဝန်ကြီးက လုပ်ငန်းခွင်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလဖြစ်၍ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး သတိထားဆောင်ရွက်ကြရန် မှာကြားသည်။ ပေ ၁၉၀၀ အရှည်ရှိ ရွှေလောင်းတံတားသည် ယခင်ကြိုးဆိုင်းတံတားအဟောင်း၏ အပေါ်ထည်များအား ပြန်လည်ဖျက်သိမ်း၍ သံကူကွန်ကရစ်တံတား ရေလယ်တိုင်နှစ်တိုင် အသစ်စိုက်ထူပြီး Steel Box Girder များ တပ်ဆင်၍ နှစ်လမ်းသွား သံကူကွန်ကရစ်ကြမ်းခင်းများအဖြစ် အဆင့်မြှင့်တင်ခြင်းဖြစ်ရာ ယခုနှစ် တံတားတစ်စင်းလုံး၏ ၈၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်ဦးက တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်း စီမံချက်နှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် တံတားလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဝါးခယ်မတံတားသည် ပေ ၃၀၂၀ အရှည်ရှိပြီး ယခင်ကြိုးဆိုင်းတံတား၏ အပေါ်ထည်များအား ပြန်လည်ဖျက်သိမ်း၍ သံကူကွန်ကရစ်ရေလယ်တိုင်နှစ်တိုင် အသစ်စိုက်ထူပြီး Steel Box Girder များ တပ်ဆင်ကာ နှစ်လမ်းသွား သံကူကွန်ကရစ်ကြမ်းခင်းများ ဆောင်ရွက်ပြီး အဆင့်မြှင့်တင်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး၏ ၉၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးတို့သည် ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ တံတားရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့(၁၆)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က တံတားတည်ဆောက်ပြီးစီးမှုများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တံတားလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကြိုးတင်းအားများ တိုင်းတာသည့် လုပ်ငန်းများ ဆောင်ရွက်ပြီး ရရှိလာသော Data များအား ဒုတိယဝန်ကြီး၊ တံတားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးဆုံးဖြတ်ပေးသည်။

ထို့အပြင် တံတားကြီးအား Periodic and Routine Maintenance လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့် လုံခြုံရေးအစီအစဉ်များကို ဧရာဝတီတိုင်းဒေသကြီး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ညှိနှိုင်းဆုံးဖြတ်ပေးကြသည်။ ပုသိမ်တံတားအမှတ်(၂)သည် ပေ ၂၃၈၀ အရှည်နှင့် ၂၈ ပေ အကျယ်နှစ်လမ်းသွား တံတားဖြစ်သည်။ တံတားကြီးပြီးစီးသွားပါက ပုသိမ်မြို့ပေါ်မှ ပြည်သူနှင့် စိန်ကုန်းဘက်ကမ်းမှ ပြည်သူများ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သလို ပုသိမ်မြို့၏တစ်ဖက်ကမ်း စိန်ကုန်းတွင်လည်း မြို့ပြအိမ်ရာများ ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းနောင်ရေး စိတ်အေးဖို့ ရန်ပုံငွေစနစ် ထူထောင်စို့

ဒေါက်တာဝါဝါမောင်

**မြန်မာနိုင်ငံ၏ ပင်စင်စနစ်သည် အခြားနိုင်ငံများကဲ့သို့ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် နယ်ပယ်တစ်ရပ်ဖြစ်ပါသည်။ ယုံကြည်အားထားရ၍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော အမျိုးသားရန်ပုံငွေစနစ် ပေါ်ပေါက်လာစေရန်ရည်မှန်း၍ လက်ရှိပင်စင်စနစ်အား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။ ဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက် စိတ်အေးစွာ အထောက်အပံ့ဖြစ်စေရန်နှင့် အထူးသဖြင့် အငြိမ်းစားဘဝတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ပံ့ပိုးနိုင်စေရန်ဖြစ်ပါသည်။**

ပင်စင်စနစ်တစ်ခုလုံး ပြုပြင်ပြောင်းလဲသည့် Systemic Reform ဆိုသည်မှာ စနစ်၏ အခြေခံတည်ဆောက်မှုပုံစံတစ်ခုလုံးအား ပြုပြင်ပြောင်းလဲခြင်းဖြစ်ရာ လက်ရှိဆောင်ရွက်သည့် သတ်မှတ်အကျိုးခံစားခွင့်စနစ် (Defined Benefit System)မှ သတ်မှတ်ထည့်ဝင်ကြေး ထည့်ဝင်သည့်စနစ် (Defined Contribution System)သို့ ကူးပြောင်းရန် ရည်ရွယ်ပါသည်။ လက်ရှိကာလတွင် အသွင်ကူးပြောင်းသည့် ကာလဖြစ်ခြင်းကြောင့် ပင်စင်စနစ်ဟောင်းရော ပင်စင်စနစ်သစ်ပါ တစ်ပြိုင်တည်း (Parallel)ဆောင်ရွက်သွားမည်ဖြစ်ပြီး တဖြည်းဖြည်းနှင့် စနစ်ဟောင်းနေရာတွင် စနစ်သစ် ဝင်ရောက်နေရာယူနိုင်မည်ဖြစ်ပါသည်။

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ (Central Provident Fund–CPF) အား ထူထောင်ရခြင်း အကြောင်းရင်းများစွာရှိပါသည်။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံမှ ရှုမြင်နိုင်ပါသည်။

**အုပ်ချုပ်ရေး ရှုထောင့်**

အုပ်ချုပ်ရေးရှုထောင့်မှ ကြည့်ရှုမည်ဆိုပါက ဝန်ထမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး(Civil Service Reform) အရ ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် နောင်ရေးစိတ်အေးစေရန် ဖန်တီးဖို့လိုအပ်ပါသည်။ ဝန်ထမ်းများ ပင်စင်ယူမည့် အသက်အရွယ်တွင် နောင်ရေးစိတ်အေးနိုင်ရန် ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိအလုပ်ခွင်တွင် စိတ်ပါလက်ပါနှင့် စိတ်နှစ်ဆောင်ရွက်နိုင်မည်။ လူနေမှုဘဝအတွက် စိတ်လုံခြုံမှုရှိပါက လေ့ကျင့်ပြီးသော နိုင်ငံ့ဝန်ထမ်းများ အခြားသောကဏ္ဍများသို့ အလုပ်ကူးပြောင်းတာဝန်ထမ်းဆောင်မှု နှုန်း၊ အလုပ်ထွက်သည့်နှုန်းလျော့နည်းစေမည်။ သတ်မှတ်ထားသော တာဝန်များအား လုပ်ငန်းခွင်တွင် ဝတ်ကျေတန်းကျေ၊ တာဝန်ကျေဆောင်ရွက်ရုံသာမက စေတနာပါ ထည့်သွင်းဆောင်ရွက်စေခြင်း၊ သင်ကြားပေးထားသည့် လူ့စွမ်းအားရင်းမြစ်အား ထိန်းသိမ်းစေနိုင်သဖြင့် တည်ငြိမ်သည့် အလုပ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေနိုင်ပါသည်။

ယခုအချိန်တွင် အစိုးရဝန်ထမ်းများအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့်နှိုင်းယှဉ်ပါက လစာနည်းသည်၊ အစိုးရအဖွဲ့အစည်းများတွင် ဆောင်ရွက်ရသည်မှာ စိတ်ဝင်စားစရာမကောင်းဟု ထင်မြင်ယူဆကာ အစိုးရဝန်ထမ်းဘဝကို နှစ်သက်စိတ်ဝင်စားသူများမှအပ ပင်ကိုစွမ်းရည်ရှိသောသူများ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသူများက အစိုးရဌာနများတွင် လျှောက်ထားမှုနည်းပါးပါသည်။ လစာများသော၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားပြီး သွက်လက်သော လုပ်ငန်းခွင်များတွင် ပိုမိုလျှောက်ထားလေ့ရှိကြသည်။ စွန့်ဦးတီထွင်မှုများ ဆောင်ရွက်လေ့ရှိကြသည်။ နိုင်ငံ့ဝန်ထမ်းအလုပ်ကို လူနေမှုဘဝအာမခံချက်ပေးနိုင်သည့် အနေအထားမှသာလျှင် အရည်အသွေးရှိသည့် ဝန်ထမ်းလောင်းလျာများက ပိုမိုလျှောက်ထားလာကြမည်ဖြစ်ပါသည်။ သို့မှသာ စွမ်းဆောင်ရည်ပြည့်ဝပြီး အရည်အသွေးရှိသည့် အစိုးရဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများများလာအောင် ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဝန်ထမ်းများ၏နောင်ရေးအား အမှန်တကယ် စိတ်အေးစေရန် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (CPF) မှ ရရှိသော အကျိုးအမြတ်တို့အား ထိရောက်စွာခံစားစေခြင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလတွင်ရော အငြိမ်းစားယူမည့်အသက်အရွယ်မှာပါ လိုအပ်သည့်ဝန်ဆောင်မှုများအား ရယူနိုင်ခြင်းဖြင့် လူသားရင်းမြစ်ကို ထိန်းသိမ်းကာ တည်ငြိမ်သော အလုပ်ဝန်းကျင်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်နိုင်မှသာ အစိုးရဌာနအဖွဲ့အစည်းများ အားကောင်းလာစေမည် ဖြစ်သည်။ ဤသို့ဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ခြင်းသည် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဝန်ထမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် သက်ဆိုင်အကျုံးဝင်လျက် ရှိပါသည်။

**စီးပွားရေး ရှုထောင့်**

နိုင်ငံ့ဝန်ထမ်းများ၏ အငြိမ်းစားလူနေမှုဘဝတွင် စီးပွားရေးအရ ဝင်ငွေအဖြစ် တစ်လုံးတစ်စည်းတည်း ဆုငွေ၊ အငြိမ်းစားလစာ စသည်ဖြင့် အငြိမ်းစားအကျိုးခံစားခွင့်ကို ခံစားနိုင်စေရန်နှင့် ဝန်ထမ်းဘဝတွင် လိုအပ်သည့် ဝန်ဆောင်မှုများခံစားရရှိနိုင်စေရန် ဖြစ်ပါသည်။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအား အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် ရေရှည်တွင် ပင်စင်၏ကြီးလေးသော တာဝန်အတွက် ဘဏ္ဍာရေးခံနိုင်ဝန်အား ပိုမိုရှိလာစေပြီး တစ်ဖက်က ဘဏ္ဍာရေးလိုငွေပြမှုကို လျှော့ပါးစေရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ထိုမှတစ်ဆင့် မေခရိုစီးပွားရေးတည်ငြိမ် အားကောင်းစေရေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါသည်။ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ(CPF)သည် ပင်စင်အသုံးစရိတ်အား သီးသန့်ရန်ပုံငွေထားရှိပြီး တိုးပွားအောင်ဆောင်ရွက်၍ ဝန်ထမ်းများ၏ အငြိမ်းစားအကျိုးခံစားခွင့်အား ခံစားစေနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ စုဆောင်းမှုအား ရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲ၍ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအား အားကောင်းလာစေရန်၊ အလုပ်အကိုင်ဖန်တီးမှုများ ဖြစ်ပေါ်လာစေရန်၊ စီးပွားရေး အဆောက်အအုံအတွင်း ငွေကြေးလှည့်လည်မှုအား ကောင်းမွန်စေရန်ဖြစ်ပါသည်။

**လူမှုရေး ရှုထောင့်**

လူမှုရေးရှုထောင့်အရ ကြည့်လျှင်လည်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ(CPF)အဖွဲ့ဝင်များအတွက် လိုအပ်ချက်များအပေါ်မူတည်ပြီး သင့်လျော်သည့် ချေးငွေအမျိုးအစားများ၊ ဝန်ဆောင်မှု Package များအား ကမ်းလှမ်းမည်ဖြစ်ခြင်းကြောင့် လူမှုရေးမဏ္ဍိုင်ကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါသည်။ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။

> “ဝန်ထမ်းများ၏နောင်ရေးအား အမှန်တကယ်စိတ်အေးစေရန် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ (CPF)မှရရှိသော အကျိုးအမြတ်တို့အား ထိရောက်စွာခံစားစေခြင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလတွင်ရော အငြိမ်းစားယူမည့် အသက်အရွယ်မှာပါ လိုအပ်သည့် ဝန်ဆောင်မှုများအားရယူနိုင်ခြင်းဖြင့် လူသားရင်းမြစ်ကိုထိန်းသိမ်းကာ တည်ငြိမ်သော အလုပ်ဝန်းကျင်တစ်ရပ်ဖြစ်အောင်ဆောင်ရွက်နိုင်မှသာ အစိုးရဌာနအဖွဲ့အစည်းများ အားကောင်းလာစေမည်ဖြစ်သည်။ ဤသို့ဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ခြင်းသည် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဝန်ထမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် သက်ဆိုင် အကျုံးဝင်လျက်ရှိ”

အနာဂတ်ကာလတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများကိုပါ လွှမ်းခြုံနိုင်မည့် အမျိုးသားပင်စင်စနစ် (National Pension System) သို့ မျှော်မှန်းဆောင်ရွက်ရန်လိုအပ်လာပါသည်။ ယခု ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ နိုင်ငံ့ဝန်ထမ်းများအတွက် ချဉ်းကပ်အကောင်အထည်ဖော်ဆောင်ရန် ဖြစ်သော်လည်း သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုများအား တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍ၏ Formal Sector တွင် အချိန်ပြည့်တာဝန်ထမ်းဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက်လည်း ထူထောင်နိုင်ရန် အားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအတွက် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ မိမိတို့လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၏ အငြိမ်းစားဘဝအား အထောက်အပံ့ပြုနိုင်ရန်အတွက် ထိန်းကျောင်းရန် Regulatory Role အရ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ထို့ကြောင့် ဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက် စိတ်အေးစွာ အထောက်အပံ့ဖြစ်စေရန်နှင့် မျှတသည့် ပင်စင်အကျိုးခံစားခွင့်များကိုရရှိစေသည့် အငြိမ်းစားလူနေမှုစနစ်သို့ ကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

**လက်ရှိပင်စင်စနစ်၏ စိန်ခေါ်မှုနှင့် အခက်အခဲများ**

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်သည် ရန်ပုံငွေထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်ဖြစ်ပြီး ပင်စင်အသုံးစရိတ်အား နိုင်ငံတော်ဘတ်ဂျက်မှ တိုက်ရိုက်တာဝန်ယူ ကျခံသည့်စနစ်ဖြစ်ပါသည်။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် စာရင်းအရ စုစုပေါင်း ပင်စင်အသုံးစရိတ်မှာ ၁၁၁၆ ဘီလီယံကျပ်ရှိပါသည်။ လက်ရှိပင်စင်အသုံးစရိတ်သည် GDP ၏ ၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ နိုင်ငံတော်အခွန်ရငွေ၏ ခြောက်ပုံတစ်ပုံ စုစုပေါင်းအသုံးစရိတ်၏ ၄ ဒသမ ၀၄ ရာခိုင်နှုန်းနီးပါးအထိ ရှိလာခဲ့ပါသည်။ ယခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားခြင်းကြောင့် အခွန်နှုန်းထားများလျှော့ချခြင်း၊ အချို့သော စီးပွားရေးလုပ်ဆောင်ချက်များကျဆင်းခြင်းတို့ကြောင့် အခွန်နှင့် ပင်စင်အသုံးစရိတ်အချိုးမှာ ယခုထက် ပိုမိုများပြားလာနိုင်ပါသည်။ ထို့ပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကအသွင်ကူးပြောင်းသည့်အတွက် ဝန်ထမ်းများအတွက် ပင်စင်အသုံးစရိတ်များ ပိုမိုကျခံရမည့် အနေအထားများလည်းရှိနေပါသည်။

ပင်စင်စားအင်အား နှစ်စဉ်တိုးတက်လာခြင်းနှင့် ပင်စင်စားတို့၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ်များအား ပိုမိုကျခံသုံးစွဲနေရသည်။ ရန်ပုံငွေသီးသန့်လျာထားဆောင်ရွက်ခြင်း မရှိသည့်အတွက် ရေရှည်တွင် တည်တံ့ခိုင်မြဲသည့် ပင်စင်စနစ် မဖြစ်နိုင်သကဲ့သို့ နိုင်ငံတော်၏ဘတ်ဂျက်၌ ဝန်ထုပ်ဝန်ပိုးအနေဖြင့်လည်း ဖြစ်ပေါ်လျက်ရှိပါသည်။ သီးသန့်ရန်ပုံငွေထူထောင်ရန် လိုအပ်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၌ ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် ပင်စင်လစာများပေးအပ်ရန် ဘတ်ဂျက်အတွက် ရန်ပုံငွေအား တိုးတက်စေရေး ရှာဖွေသည့်အဖွဲ့အစည်းတစ်ရပ် လိုအပ်လျက်ရှိပါသည်။

- စင်ကာပူနိုင်ငံအနေဖြင့် Central Provident Fund Act (၁၉၅၃)အားပြဋ္ဌာန်း၍ ၁၉၅၅ ခုနှစ်တွင်လည်းကောင်း၊
- ထိုင်းနိုင်ငံတွင် Government Pension Fund Act (B.E.2539) ၁၉၉၇ ခုနှစ်မှ စတင်၍လည်းကောင်း၊
- မလေးရှားနိုင်ငံတွင် Employee Provident Fund Ordinance (1951) ကိုလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် Employee Provident Fund (EPF) Act အနေဖြင့် ပြင်ဆင်အစားထိုး၍ ၁၉၅၁ ခုနှစ်တွင်လည်းကောင်း၊
- အင်ဒိုနီးရှားနိုင်ငံတွင် BPJS Law (2011) နှင့် SJSN Law(2004) အား ပြဋ္ဌာန်း၍ ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊
- အိန္ဒိယနိုင်ငံတွင် Employees Provident Funds and Miscellaneous Provision Act, 1952, The Pension Fund Regulatory and Develop–ment Authority Act (PFRDA Act) 2013 တို့အား ပြဋ္ဌာန်း၍ ၂၀၀၄ ခုနှစ်တွင် မဝင်မနေရအဖြစ် စတင်၍ လည်းကောင်း၊
- ဟောင်ကောင်တွင် Mandatory Provident Fund Law (2000) အား ပြဋ္ဌာန်း၍ ၁–၁၂–၂၀၀၀ မှစတင်၍လည်းကောင်း ဗဟိုရန်ပုံငွေအား ထူထောင်၍ အသီးသီးဆောင်ရွက်ခဲ့ကြပါသည်။
- မြန်မာနိုင်ငံတွင်လည်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ (Central Provident Fund Law) ကို ယခုနှစ်အတွင်း ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ ရန်ပုံငွေကို အခြေခံ၍ ခံစားခွင့်ပြုသည့်စနစ် (Funded Defined Contribution System) သို့ ပြောင်းလဲရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအား ထူထောင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုကို ရေတိုအတွင်း ပြုပြင်ပြောင်းလဲမှုအနေဖြင့် လက်ရှိမူဘောင် အတွင်းပြောင်းလဲမှု(Parametric Reform)နှင့် စနစ်တစ်ခုလုံးပြုပြင်ပြောင်းလဲမှု (Systemic Reform) တို့အား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပင်စင်စနစ်အား လက်ရှိစနစ်ဟောင်း(Old system) ရော ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ်သစ် (New CPF system) ပါ တစ်ပြိုင်တည်း ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအား ထူထောင်ခြင်း**

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဆိုသည်မှာ အငြိမ်းစားအကျိုးခံစားခွင့်ရရှိရန် နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကို ပြဋ္ဌာန်း၍ထူထောင်မည့် ရန်ပုံငွေကို ဆိုလိုပါသည်။ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအား ထူထောင်ရခြင်း ရည်ရွယ်ချက်များမှာ–

- (က) ပိုမိုထိရောက်၍ စွမ်းဆောင်ရည်ရှိသော ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် ပေါ်ပေါက် ကျင့်သုံးနိုင်စေရန်၊
- (ခ) ရန်ပုံငွေ ထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်မှ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကိုအခြေခံ၍ အကျိုးခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲရန်၊
- (ဂ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးကို ပံ့ပိုးပေးရန်၊
- (ဃ) ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေတိုးပွားစေပြီး ရေရှည်တည်တံ့ခိုင်မာစေသည့် အကျိုးခံစားခွင့်များ ဖြစ်ပေါ်စေရန်၊
- (င) မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် လိုအပ်သော ကဏ္ဍတွင် အထောက်အကူဖြစ်စေရန်၊
- (စ) ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မည့် ပုံစံအရ –**

- (က) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund–CPF) စနစ် စတင်အကောင်အထည်ဖော်ရာတွင် အကျုံးဝင်သော ဝန်ထမ်းများ သတ်မှတ်ရာ၌ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ အသက်ဝင်ပြီးနောက် စတင်ခန့်အပ်သည့် ဝန်ထမ်းသစ်များအားလုံး ပါဝင်ရန်ဖြစ်ပါသည်။
- (ခ) အကောင်အထည်ဖော်မှု ပိုမိုမြန်ဆန်စေရေးအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေအသက်ဝင်ချိန်တွင် ပင်စင်အကျိုးခံစားခွင့် မရှိသေးသည့် လုပ်သက်(၁၀) နှစ်အောက် ဝန်ထမ်းများအားလုံးကို မဝင်မနေရစနစ်ဖြင့် ပါဝင်စေရန်ဖြစ်ပါသည်။ လုပ်သက်(၁၀)နှစ် နှင့်အထက် နိုင်ငံ့ဝန်ထမ်းများသည် အငြိမ်းစားအကျိုးခံစားခွင့်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လက်ရှိ ပင်စင်စနစ်ဟောင်းအတိုင်း ဆက်လက်ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၀ သို့*

ယမန်နေ့မှအဆက်

## ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

- အစီရင်ခံသည့်ကာလအတွင်း တိုက်ပွဲရှောင်များအတွက် ငွေကျပ်(၁,၂၇၅)သန်း ကျော်တန်ဖိုးရှိ စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများအား ပံ့ပိုးပေးခဲ့ပါသည်။
- စစ်တွေမြို့နှင့်ဘူးသီးတောင်မြို့နယ်တို့ရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအားဆန်(၇၉၅)အိတ်နှင့်ထောက်ပံ့ပစ္စည်းများကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။ ဘူးသီးတောင်မြို့နယ်အတွင်းရှိ လက်နက်ကြီးကျရောက်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြသော ကျောင်းသား/သူ(၁၇)ဦးအတွက်စုစုပေါင်းကျပ်(၈၅၀,၀၀၀)၊ အားဆေးနှင့် အခြားထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ခဲ့ပါသည်။


ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က တိုက်ပွဲရှောင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း (၁၉-၅-၂၀၂၀)ရက်နေ့

- ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၇)မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်(၅)မျိုး ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များအား (၁၀-၄-၂၀၂၀)ရက်နေ့တွင် စတင်၍ အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီတစ်ပိဿာတို့ကို ထောက်ပံ့ပေးခဲ့ရာ (၁၅-၄-၂၀၂၀)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

### သတင်းယူခွင့်

| | |
|---|---|
| ရုပ်မြင်သံကြားမှသတင်းထုတ်လွှင့်မှု | ၁၂၄ ကြိမ် |
| အစီအစဉ် | ၄၉ ကြိမ် |
| ရေဒီယိုအစီအစဉ်မှသတင်းထုတ်လွှင့်မှု | ၂၄၅၃ ကြိမ် |
| တွေ့ဆုံမေးမြန်းမှု | ၁၀ ကြိမ် |
| အသိပညာပေးထုတ်လွှင့်မှု | ၃၃၅ ကြိမ် |
| PSA | ၃၉၄ ကြိမ် |
| Website တွင် သတင်းဖော်ပြမှု | ၆၁ ကြိမ် |
| ဗီဒီယို | ၄ ကြိမ် |
| သတင်းထုတ်ပြန်ချက် | ၃ ကြိမ် |
| Websiteတွင် ဓာတ်ပုံဖော်ပြမှု | ၅၁ ကြိမ် |
| ညှိနှိုင်းအစည်းအဝေးသတင်းဖော်ပြမှု | ၄၁ ကြိမ် |
| ညှိနှိုင်းအစည်းအဝေးသတင်းဓာတ်ပုံ | ၃၈ ကြိမ် |
| သတင်းထုတ်ပြန်မှု | ၁၃၉ ကြိမ် |
| သတင်းထုတ်ပြန်မှုဓာတ်ပုံ | ၁၂၀ ကြိမ် |

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာ(၂၇)ဦး ပါဝင်သောအဖွဲ့သည်(၂)ကြိမ် သတင်းရယူနိုင်ခဲ့ပါသည်။


မောင်တောမြို့နယ် ကျေးရွာများ၌ မြေပြင်သတင်းရယူခြင်း (၂၉-၁-၂၀၂၀)ရက်နေ့မှ(၃၁-၁-၂၀၂၀)ရက်နေ့အထိ


ဘူးသီးတောင်မြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း၌ သတင်းရယူခြင်း (၂၇-၂-၂၀၂၀)ရက်နေ့မှ(၂၉-၂-၂၀၂၀)ရက်နေ့အထိ

### ပညာရေး

- IDP စခန်း ၄၅ ခုတွင် ပညာသင်ကြားလျက်ရှိသော Volunteer Teacher (၅၉၄) ဦးကို လစာငွေ ပံ့ပိုးလျက်ရှိပါသည်။ သင်ရိုးသစ်သင်တန်းများဖြစ်သော Grade-4၊ Grade-7 နှင့် Grade-10 သင်ရိုးသစ်သင်တန်းများကို ဗဟိုအဆင့်တွင် ကျင်းပပေးခဲ့ပါသည်။



### ကျန်းမာရေး

(၁၆) ခုတင်ဆံ့ သင်္ဘောပြင်တိုက်နယ်ဆေးရုံသစ်ကို တည်ဆောက်ပြီးဖြစ်၍ ဆေးရုံလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်စေရန်(၁၇-၂-၂၀၂၀)ရက်နေ့မှစတင်၍ အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်-

- စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှလက်ထောက်ဆရာဝန်(၁)ဦးနှင့်သူနာပြုဆရာမ(၁)ဦး၊
- စစ်တွေမြို့နယ် ကျန်းမာရေးဌာနမှ သူနာပြုဆရာမ(၁)ဦး၊
- ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) အစီအစဉ်ဖြင့် ရွှေ့လျားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားသည့်လက်ထောက်ဆရာဝန်(၁)ဦးနှင့် အမျိုးသားသူနာပြု(၂)ဦး သင်္ဘောပြင်တိုက်နယ်ဆေးရုံသို့ တွဲဖက်တာဝန်ချထားပေးလျက်ရှိပါသည်။
- သင်္ဘောပြင်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Mercy Malaysia အဖွဲ့မှ ဆရာဝန်(၄)ဦး၊ သူနာပြု(၂)ဦးနှင့် အခြားဝန်ထမ်းများမှလည်း တိုက်နယ်ဆေးရုံတွင် အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။
- ကုသရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ သင်္ဘောပြင် တိုက်နယ်ဆေးရုံအတွက် စံကိုက် တိုက်နယ်ဆေးရုံသုံးပစ္စည်း(၂၃)မျိုးအား ထောက်ပံ့ပို့ဆောင်ထားပြီး ဖြစ်ပါသည်။

#### သွေးလှူဘဏ်များတည်ဆောက်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထိုင်းနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှုဖြင့် ဘူးသီးတောင်မြို့နယ် ဆေးရုံရှိသွေးလှူဘဏ်ငယ်အဆောက်အဦသစ်တွင် လိုအပ်သော ရေ/မီး ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ သွေးလှူဘဏ်ငယ်အတွက် လိုအပ်သောပစ္စည်းများကို JICA အဖွဲ့မှ လှူဒါန်းထားရှိပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ဘူးသီးတောင်ဆေးရုံမှ တာဝန်ခံဆရာဝန်တစ်ဦးနှင့် ဓာတ်ခွဲကျွမ်းကျင်တစ်ဦးတို့အား ရန်ကုန်အမျိုးသားသွေးဌာနတွင် သွေးလှူဘဏ်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပို့ချပြီး ဖြစ်ပါသည်။




ဘူးသီးတောင်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်ငယ် Machines and Equipments



မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာနများ၊ မြို့နယ်ကြက်ခြေနီနှင့် NGOs ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းတို့မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကုသမှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ညမထွက်ရ အမိန့်(ပုဒ်မ-၁၄၄)ထုတ်ပြန်ထားသော်လည်း ကျန်းမာရေးအရ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူး(သို့)ခရိုင်အုပ်ချုပ်ရေးမှူး ထံတင်ပြစေပြီးငင်းတို့မှ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များနှင့်ညှိနှိုင်းပြီး ပြည်သူ့ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးလျက်ရှိပါသည်။



- ကျောင်းများရှိ ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးခွဲဝေသုံးစွဲသည့် အခြေအနေအား Application (ODK) အသုံးပြု၍ ကောက်ယူသည့် လုပ်ငန်းအား ပြည်နယ်အဆင့် ဆင့်ပွားသင်တန်း ပြုလုပ်ပေးခဲ့ပါသည်။
- စစ်တွေတက္ကသိုလ်တွင် 3 Phase 5 Wire မီးလိုင်းဆွဲခြင်းလုပ်ငန်း၊ မြေသားကျောက်ချောလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ပါသည်။
- တောင်ကုတ်ဒီဂရီကောလိပ်တွင် (၁၆၀)ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင်(၂)ထပ်(၁)လုံး၊ (၃)ထပ်စာသင်ဆောင်(၁)လုံး၊ (၆)ခန်းတွဲ (၁)ထပ် စားသောက်ဆိုင်၊ တက္ကသိုလ်ဝန်းအတွင်း ကျောက်ချောလမ်းတည်ဆောက်ခြင်းနှင့် Box Culverts-5-Nos တည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြေနေရာရှင်းလင်းခြင်း၊ မြေတူးခြင်း၊ တောမြေခင်းခြင်းနှင့် Hand Care လုပ်ငန်းများ ဆောင်ရွက်နေပါသည်။
- နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် နယ်ဝေးကျောင်းသားများအတွက်(၁၆၀)ဆန့် ကျောင်းသားအိပ်ဆောင်အားတည်ဆောက်လျက်ရှိရာ (၅.၂၇%) ပြီးစီးပြီဖြစ်၍ တည်ဆောက်လျက် ရှိသော (၃)ထပ်စာသင်ဆောင်သစ်မှာ (၉၇ %) ပြီးစီးပြီဖြစ်ပါသည်။
- ရခိုင်ပြည်နယ်ရှိ ဖွင့်လှစ်ထားသော တိုင်းရင်းသားသီးသန့်ကျောင်း၊ မွတ်စလင်ဘာသာဝင်သီးသန့်ကျောင်း၊ တိုင်းရင်းသားနှင့် မွတ်စလင်ဘာသာဝင်ရောနှောနေသော ကျောင်းများတွင် မူလတန်းအဆင့်၊အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား/သူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးခုံ(အနိမ့်) ၂၁၁၆စုံနှင့် စာရေးခုံ(အမြင့်) ၈၅၉၂စုံတို့ကို ထောက်ပံ့ပေးခဲ့ပါသည်။





- ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ဖြင့် မြို့နယ် (၁၀)မြို့နယ်ရှိ စခန်း(၅၂)ခု မှ ကျောင်းသား(၄၇၈)ဦး၊ ကျောင်းသား(၄၂၂)ဦးစုစုပေါင်း(၉၀၀)ဦးကို မူလတန်းပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စစ်တွေတက္ကသိုလ်၊ စစ်တွေသင်္ဘောပြင်ကုန်း စာစစ်ဌာနခွဲမှ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာလေ့လာရေးအဖွဲ့ (Center for Diversity and National Harmony-CDNH) ပညာသင်ထောက်ပံ့ကြေးရရှိသော မွတ်စလင်ဘာသာဝင်ကျောင်းသား/သူများထဲမှ နိုင်ငံသားပြုခွင့်ရသူ(၂)ဦး၊ NVC ကိုင်ဆောင်သူ(၄၃)ဦး၊ စုစုပေါင်း(၄၅)ဦးကိုလည်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ကျောင်းပြောင်းရွှေ့ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။
- ၂၀၂၀ ပြည့်နှစ် တောင်ကုတ်ဒီဂရီကောလိပ်အဝေးသင် သင်တန်းများအား ကျောင်းဝင်မှတ်ပုံတင် လက်ခံခြင်းများ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

| | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စုစုပေါင်း |
|---|---|---|---|---|
| ကမန်ကျောင်းသား/သူ | (၈၂)ဦး | (၄၀)ဦး | (၃၅)ဦး | (၁၅၇)ဦး |





ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်နှင့် ဆက်စပ်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ (၄၈၀,၀၀၀)ခန့် ပေးအပ်ထောက်ပံ့မည့် သဘောတူစာချုပ်ကို (၂၄-၃-၂၀၂၀)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

မောင်တောမြို့နယ်ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ အလှူငွေဖြင့် ဆေးရုံ၏ ပြင်ပလူနာဆောင်၊ အရေးပေါ်လူနာဆောင်နှင့် အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို တစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

#### ကျန်းမာရေးဝန်ထမ်းများသင်တန်းပေးမှုအခြေအနေ

| စဉ် | သင်တန်းအမည် | တိုင်းရင်းသား ဦးရေ | မွတ်စလင် ဘာသာဝင်ဦးရေ | စုစုပေါင်း ဦးရေ |
|---|---|---|---|---|
| ၁ | အရန်သားဖွား (သစ်လွင်) | ၂၀ | - | ၂၀ |
| ၂ | အရန်သားဖွား (မွမ်းမံ) | - | - | - |
| ၃ | လူထုကျန်းမာရေးလုပ်သား (သစ်လွင်) | ၉ | ၁၀ | ၁၉ |
| ၄ | လူထုကျန်းမာရေးလုပ်သား (မွမ်းမံ) | - | ၄၀ | ၄၀ |
| | စုစုပေါင်း | ၂၉ | ၅၀ | ၇၉ |

- အာဟာရကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို မြို့နယ် (၁၇)မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများအား (၂၁-၂-၂၀၂၀)ရက်နေ့တွင် တစ်ကြိမ်၊ (၂၄-၂-၂၀၂၀)ရက်နေ့တွင် တစ်ကြိမ်ဖြင့် ပို့ချခဲ့ပါသည်။
- မြို့နယ် (၁၇)မြို့နယ်မှ Nutrition Focal အခြေခံဝန်ထမ်း(၂)ဦးစီဖြင့် (၂၃-၂-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀)ရက်နေ့အထိ Quality Nutrition Review Workshop ပြုလုပ်ခဲ့ပါသည်။
- (၂၀၂၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း စစ်တွေမြို့နယ်အတွင်း (၂)နှစ်အောက်ကလေးသူငယ်များ အစာကျွေးမွေးခြင်းဆိုင်ရာ အသိပညာနှင့်အလေ့အထများ လေ့လာဆန်းစစ်သည့် သုတေသနစာတမ်းအတွက် စစ်တမ်းကောက်ယူခြင်းများ လုပ်ဆောင်ခဲ့ပါသည်။
- Nutrition Sector Meeting (၃)ကြိမ် ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း(၉၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။
- ပြည်နယ်အဆင့်ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲအတွက် ကနဦးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၇-၁-၂၀၂၀)ရက်နေ့တွင် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်း(၄၀)ဦးခန့်ဖြင့် ကျင်းပခဲ့ပါသည်။

#### ကျန်းမာရေးဆိုင်ရာအသိပညာပေးထုတ်လွှင့်မှု

- မေယု FM ရေဒီယိုအစီအစဉ်၌လည်း ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးသတင်းများနှင့် ကျန်းမာရေးအသိပညာပေး နှီးဆော်ချက်များအား အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိပါသည်။





ဆက်လက်ဖော်ပြပါမည်

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မောင်မောင်တာနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

ဒီတစ်ပတ် ကျွန်တော်နဲ့ ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကတော့ တည်ကြည်ခံ့ညားပြီးတော့ ယုံကြည်လောက်တဲ့ ရုပ်ရည်ရူပကာကို ပိုင်ကြတဲ့ သဘာဝမင်းသားကြီးတွေထဲက တစ်ဦးဖြစ်တဲ့ မောင်မောင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းကတော့ မောင်မောင်တာ၊ မောင်မောင်တာနဲ့ပဲ ဒီလိုပဲ ကျွန်တော်တို့က ခေါ်လာကြတာပေါ့လေ။ ထွန်းဝေတို့၊ မောင်မောင်တာတို့၊ မြတ်လေးတို့၊ ကျော်ဆွေတို့ စသည်အားဖြင့် ကျွန်တော်တို့က ခေါ်လာခဲ့တဲ့အခါကျတော့ အခုလည်း မောင်မောင်တာဆိုတဲ့ အခေါ်စွဲကတော့ စွဲနေတုန်းပါပဲ။ ကျွန်တော်တို့ တစ်ချိန်တုန်းက နှစ်သက်မက်မောစွာ ကြည့်ခဲ့ရတဲ့ ရုပ်ရှင်မင်းသားကြီး မောင်မောင်တာက အခုတော့ ဒေါက်တာမောင်မောင်တာ ဖြစ်နေပါပြီ။ ငြိမ်းချမ်းရေးစေတမန်ကြီး တစ်ဦးအဖြစ်လည်း ရောက်ရှိနေပါပြီ။ အခု ကျွန်တော်တို့ တစ်ချိန်တုန်းက တရှိုက်မက်မက် နှစ်နှစ်သက်သက် လက်ခံကြည့်ရှုခဲ့ဖူးကြတဲ့ ရုပ်ရှင်မင်းသားကြီး မောင်မောင်တာနဲ့ အခုရုပ်ရှင်စကားဝိုင်းကို ဖွဲ့တော့မှာဖြစ်ပါတယ်။



အမည် - မောင်မောင်တာ
(၉. ၁. ၁၉၂၆ - ၂၆. ၃. ၂၀၁၅)
အနုပညာအမည် - မောင်မောင်တာ
တာဝန်ယူခဲ့သော -
အနုပညာလုပ်ငန်းများ -



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ကြည်စိုးထွန်း** ။ ။ မင်္ဂလာပါ အစ်ကို။

**မောင်မောင်တာ** ။ ။ မင်္ဂလာပါ။

**ကြည်စိုးထွန်း** ။ ။ အခုလို အသက် ၈၀ ကျော်။

**မောင်မောင်တာ** ။ ။ ၈၄ နှစ်။

**ကြည်စိုးထွန်း** ။ ။ အဲ ၈၄ နှစ်မှာ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ကိုယ့်ဟာကို ကားမောင်းပြီးတော့ ဒီထိအရောက်လာတာကို ကျွန်တော် အားကျပါတယ်။ ရန်ကုန်မြို့မှာ ကားမောင်းရတယ်ဆိုတာလည်း မလွယ်ဘူး။ အစ်ကိုကတော့ အခုကိုယ့်ဟာကို ကားမောင်းပြီးတော့ ဒီစကားဝိုင်းကို လာရောက်ပါဝင်ပေးတာကို အထူးကျေးဇူးတင်ပါတယ်။ အဲဒီတော့ အစ်ကိုရေ သတိအရဆုံးဟာက စပြီးတော့ ကျွန်တော်ပြောချင်တာပါပဲ။ ဘာလဲဆိုတော့ “ လူထုအောင်သံ”။ “လူထုအောင်သံ” ကတော့ ကျွန်တော်တို့ သက်တမ်းတွေမှာတော့ ဘယ်သူမှ မေ့လို့မရတဲ့ ဇာတ်ကားပေါ့။

**မောင်မောင်တာ** ။ ။ သမိုင်းဝင်ကားပါ။

**ကြည်စိုးထွန်း** ။ ။ သမိုင်းဝင်ကားပါပဲ အစ်ကိုရယ်။ တကယ့် သမိုင်းဝင်ကားပါပဲ။ အဲဒီတုန်းက အစ်ကိုက ဝတ်လုံတော်ရအေးမောင်ပေါ့။ အေးမောင်တို့၊ အောင်ဝင်းတို့၊ တက်တိုးတို့၊ ကျောင်းဆရာဖိုးဆိတ်တို့၊ ကျွန်တော်တို့ အလွတ်ရတာပေါ့။ စကားတွေလည်း အလွတ်ရတာပေါ့။

**မောင်မောင်တာ** ။ ။ အောင်ဝင်းနဲ့ အေးမောင်။

**ကြည်စိုးထွန်း** ။ ။ အောင်ဝင်းနဲ့ အေးမောင် သူငယ်ချင်းနှစ်ယောက်။

**မောင်မောင်တာ** ။ ။ အောင်ဝင်းက ဗိုလ်ဗကို။

**ကြည်စိုးထွန်း** ။ ။ အေးမောင်က မောင်မောင်တာ။အဲဒီတော့ အဲဒီတုန်းက ရိုက်ခဲ့တဲ့ အဖြစ်အပျက်လေးတွေကို အစ်ကို မှတ်မိသလောက် ကြားပါရစေ။

**မောင်မောင်တာ** ။ ။ ဒီဇာတ်ကား ဟာ ကွန်မြူနစ် သူပုန်သိပ်ထနေတဲ့အချိန်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုက ရေးခဲ့တဲ့ဇာတ်လမ်းကို ပြဇာတ်ကို ရုပ်ရှင်ပြန်ရိုက်ခြင်း ဖြစ်ပါတယ်။ အဲဒီပြဇာတ်ကို အမေရိကန်နိုင်ငံမှာ ပစက်ဒီနမ် ပလေးဟောက်စ်မှာ အမေရိကန်တွေက ဗမာလို ဝတ်ပြီးတော့ ကပြတယ်။



**ကြည်စိုးထွန်း** ။ ။ သြော် ဟုတ်လား အစ်ကို။

**မောင်မောင်တာ** ။ ။ အဲဒီကပြတဲ့ ပစက်ဒီနမ် အမေရိကားမှာ အောက်က ထိုင်ကြည့်နေတဲ့ သူထဲမှာ (Committee for free asia) အရှေ့တောင်အာရှ အန္တရာယ်ကင်းရေးကော်မတီဆိုပြီး ဖွဲ့ထား တဲ့ အမေရိကန်ကနေပြီးတော့ အခုကြည့်နေရတဲ့ ဇာတ်လမ်းကို The People Win Through အဲဒီဇာတ်ကားကို ဗမာပြည်မှာ ရုပ်ရှင်ရိုက်ရင် ကောင်းမယ်ဆိုပြီးတော့ အဲဒီကော်မတီကနေပြီးတော့ ငွေရေးကြေးရေး ပေးပြီးတော့ ကမ်းလှမ်းတာ။

**မောင်မောင်တာ** ။ ။ ဒီက အဲဒီအချိန်တုန်းက ဝန်ကြီးချုပ်ကိုပေါ့။ သူတို့ရောက်လာကြတော့ မင်းသားရှာတယ်ဆိုပြီး ရှာတာ။ ရပြီးသားမင်းသားက ပုလိပ်မင်းကြီးကနေပြီးတော့ ရဲအရာရှိတစ်ယောက်ကို သူတို့က လျာထားတာ။ အဲဒီ ရဲအရာရှိက မအားတဲ့အတွက် ကျွန်တော်နဲ့ ရိုက်ဖြစ်သွားတယ်။ ကျွန်တော့်ကို တွေ့ပုံကလည်း ကျွန်တော်က အက ဝါသနာပါတယ်။

**မောင်မောင်တာ** ။ ။အနောက်တိုင်း အက ဝါသနာပါတော့တစ်ညမှာ အဲဒီစိတ်ပျက်နေတဲ့အဖွဲ့ မင်းသားမရလို့ အဲဒီကလပ်မှာ သူတို့ကလည်း ရှိတယ်။ ကျွန်တော်ကလည်း အဲဒီကလပ်မှာ ရှိတယ်။ ကျွန်တော့်ရဲ့ ဝါသနာက ငယ်စဉ်ကတည်းက အနောက်တိုင်းအက ဝါသနာပါတော့ ပါတနာနဲ့ ရတနာနတ်မယ်ဆိုတဲ့ အမျိုးသမီးနဲ့ ကျွန်တော်ကနေတာ။

**ကြည်စိုးထွန်း** ။ ။ Ball Dance ပေါ့။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**မောင်မောင်တာ** ။ ။ လက်ကချော်ပြီးတော့ လွတ်သွားတော့ဒုန်းဆို မြည်တယ်။ အမေရိကန်တွေက ထကြည့်တယ်။ ဒုန်းမြည်တာကို အဲဒီလူကို လိုချင်တယ်ဆိုပြီး ဖြစ်လာရော။ အဲ နောက်တစ်နေ့ကျတော့ ရတနာနတ်မယ်ကပဲ အိမ်လာခေါ်ပြီးတော့ လက်ခံလိုက်တယ် ရိုက်ဖို့။

**ကြည်စိုးထွန်း** ။ ။ အစ်ကိုကတော့ဝါသနာ ပါလို့ပေါ့။

**မောင်မောင်တာ** ။ ။ အဲ ဝါသနာတော့ ပါပါတယ်။ ဒါပေမယ့် သိက္ခာရှိတဲ့ လုပ်ငန်းတစ်ခုအနေနဲ့ သတ်မှတ်လို့ ဖြစ်တတ်ပါတယ် ဒါကတော့။ တပ်မတော်ထဲမှာ အရာရှိလုပ်နေတဲ့အချိန်မှာပဲ သူတို့က ရွေးတာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ် အစ်ကို အဲဒီတုန်းက ဗိုလ်ကြီးလားမသိဘူး။

**မောင်မောင်တာ** ။ ။ ကျွန်တော် ဗိုလ်ကြီး အဆင့်က အဲဒီခွင့်သုံးလယူတဲ့အချိန်မှာ ဖြစ်သွားတာ။ အဲဒီတော့ လက်ခံလိုက်တာနဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကြီးဖြစ်တဲ့ ဦးသန့်ရယ်၊ နိုင်ငံတော် ရှေ့နေချုပ်ကြီး ဦးချန်ထွန်းရယ်၊ နှစ်ယောက်က ကျွန်တော့်ကို ခြံပြီးတော့ ဝင်ဒါမီယာ ဝန်ကြီးချုပ်အိမ်ကို ခေါ်သွားတယ်။ အဲဒီကစပြီးတော့ စမ်းသပ်ပြီးတော့ မင်းသားလုပ်ခဲ့တာပဲ ကျွန်တော်။

**ကြည်စိုးထွန်း** ။ ။ အစ်ကိုက ရုပ်ရှင်လောက ရုပ်ရှင်မင်းသားဘဝကို တန်ဖိုးထားပါဝင်ပြီးတော့ သရုပ်ဆောင်ပေးတာ အတွက်လည်း ကျွန်တော်က အများကြီး ပီတိဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ရှင်ဆိုတာကို အထင်မသေးဘဲနဲ့ တန်ဖိုးထားပြီးတော့ အစ်ကိုလုပ်ခဲ့တာတစ်ခုရယ်၊ နောက်တစ်ခုက တစ်ခါ ခုနက People Win Through မူရင်းဇာတ်ညွှန်းကို ကျွန်တော်က ဖတ်ဖူးတယ် အစ်ကိုရဲ့၊ ကောင်းလည်းကောင်းတယ်၊ နောက်တစ်ခုက တစ်ခါ အစ်ကို ပြဇာတ်ပေါ့။ ဦးနုရဲ့ လူထုအောင်သံ ပြဇာတ် ဆိုတာက ကျွန်တော်တို့ ခုနစ်တန်းတုန်းက တစ်ခါ ပြဋ္ဌာန်းသေးတယ် အစ်ကိုရဲ့။ အဲဒီတော့ ရိုက်တဲ့အခါကျတော့ အစ်ကိုတို့က အစိမ်းသက်သက် ဖြစ်နေတော့ ရိုက်ရတာ ဘယ်လို အခက်အခဲတွေ တွေ့လဲ အစ်ကို။

**မောင်မောင်တာ** ။ ။ ကျွန်တော့် အတွက်တော့ တပ်မတော်ထဲမှာ အမှုထမ်း။ အင်းစိန်တိုက်ပွဲက စပြီးတော့ ပါလာတာ။ တပ်မတော်ထဲမှာ အမှုထမ်းသလိုပဲ ဒီဘက်ပြောင်းပြီးတော့ ရုပ်ရှင်ရိုက်တဲ့အခါ ကျတော့လည်း သဘာဝကျကျပဲ ဘာမှ အခက်အခဲမရှိပါဘူး။ အခု–

**ကြည်စိုးထွန်း** ။ ။ အခု ပြောနေသလိုပဲ ပေါ့။ အိုက်တင်လုပ်တာ မဟုတ်ဘူးပေါ့နော်။

**မောင်မောင်တာ** ။ ။ ပြောရရင် ခိုင်းတာ လုပ်

**ကြည်စိုးထွန်း** ။ ။သဘာဝအတိုင်းလေး ဖြစ်အောင်ပေါ့။

**မောင်မောင်တာ** ။ ။ ခိုင်းလို့ လုပ်တာလည်း မဖြစ်ပါဘူး။ ကြိုးစားဖို့လည်း လိုတယ်လေ။ ခိုင်းလို့လုပ်နေရတာ မဟုတ်ဘူး။

*စာမျက်နှာ ၉ သို့*



မောင်မောင်တာ



ဗိုလ်ဗကို



ဗြိတိသျှဘားမား ဦးညွန့်



ဦးချန်ထွန်း



လှမောင်လေး

*စာမျက်နှာ ၈ မှ*

**ကြည်စိုးထွန်း** ။ ။ အဲဒီတုန်းက သူတို့ဘက်ကလည်း နိုင်ငံခြားက ဒါရိုက်တာပါတာပေါ့နော် အစ်ကို။

**မောင်မောင်တာ** ။ ။ ကမ္ဘာမှာ နာမည်အကြီးဆုံး ဒါရိုက်တာကြီး ခြောက်ယောက်ထဲက ဂျော့ဆက်ရှ်စီနီယာရှိတယ်။ သူ့သားဂျော့ဆက်ရှ် ဂျူနီယာဒီမေးလ်တို့၊ ဟင်နရီကင်းတို့။ အဲဒီလို အကြီးဆုံးထဲက တစ်ယောက်က လာပြီးတော့ လုပ်တာ ။

**ကြည်စိုးထွန်း** ။ ။ နောက်မြန်မာဘက်ကတော့ရော။

**မောင်မောင်တာ** ။ ။ မြန်မာဘက် ကနေဝင်ပြီးတော့ စကားနဲ့ ပတ်သက်ပြီးတော့ ဒါရိုက်တာ ဦးချန်ထွန်း။

**ကြည်စိုးထွန်း** ။ ။ ဗြိတိသျှဘားမား။

**မောင်မောင်တာ** ။ ။ ညွှန့်မြန်မာ ရုပ်ရှင်အရင်ကတော့ ဗြိတိသျှဘားမားပေါ့။

**ကြည်စိုးထွန်း** ။ ။ ဦးညွှန့်ရဲ့ သား ဦးချန်ထွန်း၊ ဒါရိုက်တာ ဦးချန်ထွန်း နာမည်ကြီးပါပဲ သူက။ ဩော် သူက ထိန်းပေးတာပေါ့နော်။ ဒါကြောင့်မို့လို့ ကျွန်တော်အဲဒီမှာ သတိထား



နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု

မိတာ ဗြိတိသျှဘားမားက ပုဂ္ဂိုလ်တွေများတယ်နော် အဲဒီမှာ။ ဗိုလ်တောက်ထွန်းလုပ်တာဆိုရင်လည်း လှမောင်လေး။

**မောင်မောင်တာ** ။ ။ ဘာလို့ဆိုတော့ Ad-visor လုပ်တာက ဦးချန်ထွန်း ဗြိတိသျှဘားမားကိုး။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့နဲ့ ခင်မင်တဲ့ မိတ်ဆွေတွေကလည်း မေးကြတယ် အဲဒီကားလေးကို။ အစ်ကိုတို့လည်း တတ်နိုင်ရင်ပေါ့။ အဲဒီကားလေးကိုတော့ ရှာပေးပါဦး။

**မောင်မောင်တာ** ။ ။ ပြန်ရှာဖို့ကြိုးစားလျက်ပဲ မရသေးဘူး။ မြန်မာပြည်မှာ တစ်ရာနဲ့ ခြောက်ဆယ့်ငါး ကော်ပီ



ရောက်တယ်။

**ကြည်စိုးထွန်း** ။ ။ နည်းတာ မဟုတ်ဘူးနော်။

**မောင်မောင်တာ** ။ ။ တစ်ရာ့ခြောက်ဆယ်ငါးကော်ပီဆိုတာက တစ်တိုင်းပြည်လုံး ရွာတိုင်းရွာတိုင်းမှာ ပြနိုင်ဖို့လုပ်ထားတာ။


**ကြည်စိုးထွန်း** ။ ။ ဟာ ပြတာပဲ။

**မောင်မောင်တာ** ။ ။ ပြလည်း ပြတယ်။ ထူးခြားချက်ကရန်ကုန်မြို့မှာ ဖွင့်ပွဲမှာ အဲဒီတုန်းက နိုင်ငံတော် သမ္မတကြီး ဦးဝင်းမောင် သူလည်း ရှိတယ်၊ ဦးနုလည်း ရှိတယ်၊ ဦးသန့်လည်း ရှိတယ်။ ဖွင့်ပွဲမှာ အပေါ်က လေယာဉ်ပျံနဲ့ ကြော်ငြာကြဲနေတယ်။ ပြည်ရယ်၊ ပဲခူးရယ်၊ ရန်ကုန်ရယ် ကြော်ငြာကို လေယာဉ်ပျံနဲ့ ကြဲတဲ့ကားက အဲဒီကားပဲရှိတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ JICA Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၁-၇-၂၀၁၇) မှ (၃၁-၅-၂၀၂၀) ရက်နေ့အထိ


(ကျပ်သန်းပေါင်း)




ဓာတ်မြစ် :မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ MEB Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၄-၄-၂၀၁၈) မှ (၃၁-၅-၂၀၂၀) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




ဓာတ်မြစ် :မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ကုန်းကြမ်းမြို့နယ်အတွင်း လျှပ်စစ်မီးမရသေးသည့် ကျေးရွာများသို့ အိမ်သုံးဆိုလာ ၁၁၃ စုံ ပေးအပ်

**ကုန်းကြမ်း ဇွန် ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကုန်းကြမ်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့် မင်ဟွာလင်ကျေးရွာအုပ်စု၊ မင်ဟွာလင်ကျေးရွာနှင့် ယွင်ရှင်ကျိုင်းကျေးရွာများသို့ အိမ်သုံးဆိုလာ (100) W ၁၁၃ စုံ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၂၅ ရက်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကဇာတ်ရုံခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်သည့် ဦးဝေဆန်း၊ ဒုတိယဗိုလ်မှူးကြီး သော်နောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးထွန်းကျော်ကျော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ အဖွဲ့ဝင်များနှင့် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လောက်ကိုင်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းငွေအောင်တို့က အိမ်သုံးဆိုလာ (100) W ၁၁၃ စုံကို မင်ဟွာလင်ကျေးရွာနှင့် ယွင်ရှင်ကျိုင်းကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများသို့ ထောက်ပံ့ပေးအပ်သည်။

ယင်းထောက်ပံ့ပေးအပ်ခဲ့သည့် အိမ်သုံးဆိုလာ ၁၁၃ စုံကို သက်ဆိုင်ရာကျေးရွာများသို့ ဆက်လက်ပြီး လိုက်လံတပ်ဆင်ပေးမည်ဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်ထံမှ သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**




ကျေးရွာများအတွက် အိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

## ရန်ကုန် - ပုသိမ် ကွန်ကရစ်လမ်း ဖောက်လုပ်မှု ၉၄ ရာခိုင်နှုန်းပြီးစီး

**ပုသိမ် ဇွန် ၂၇**

ရန်ကုန်မှ ပုသိမ်သို့ သုံးနာရီကျော်ဖြင့်သွားလာနိုင်မည့် ကွန်ကရစ်လမ်း ၉၄ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်-ပုသိမ်လမ်းသည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ၁၁၃ မိုင် ၂ ဖာလုံ ရှည်လျားပြီး ရန်ကုန်-ပုသိမ်လမ်း မိုင် (၄၁/၃) ဗိုလ်မြတ်ထွန်းတံတားမှတစ်ဆင့် ဓနုဖြူ၊ ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်မြို့များ၊ မိုင်(၅၆/၀)မှ မြောင်းမြ၊ ဝါးခယ်မ မြို့များ၊ မိုင်(၃၃/၀) ကဇန်းလမ်းဆုံမှ မအူပင်မြို့များသို့ သွားလာရသော အဓိက လမ်းမကြီးတစ်ခုဖြစ်သည်။ ရန်ကုန်မှ ဗိုလ်မြတ်ထွန်းတံတားအထိ လမ်းပိုင်းသည် ယာဉ်သွားလာမှုများပြားပြီး အရေးကြီးသောလမ်းပိုင်းဖြစ်သည်။ မူလလမ်းမှာ အကျယ် ၂၄ ပေ နှစ်လမ်းသွားကတ္တရာလမ်းမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၉၀၀၀ ဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ရန်ကုန် - ပုသိမ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရာတွင် မိုင်တိုင်(၀/၀) မှ (၁၇/၄)အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Oriental Highways Co.,Ltd. တို့မှ လည်းကောင်း၊ မိုင်တိုင်(၁၇/၄) မှ (၄၁/၄) အထိလမ်းပိုင်းကို ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီး ဌာနက ဦးဆောင်၍ လမ်းအထူးအဖွဲ့သုံးဖွဲ့နှင့် ခရိုင်နှစ်ဖွဲ့တို့မှလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လမ်းဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်တို့ ဦးဆောင်သောအဖွဲ့က လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ယခင်ကာလက ငါးနာရီခန့်သွားလာရာမှ ယခုကွန်ကရစ်လမ်းသစ် ပြီးစီးသွားပါက သုံးနာရီကျော်ဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကိုတွတ်(ပြန်/ဆက်)**

# သူနာပြုတက္ကသိုလ် ရန်ကုန် (တိုးချဲ့) (၄)ထပ်စာသင်ဆောင် ပြိုကျမှုနှင့်ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်များနှင့် ဆက်လက်ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၇

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းမှ သူနာပြုတက္ကသိုလ် ရန်ကုန် (တိုးချဲ့) လေးထပ်ဆောင် စာသင်ဆောင်ပြိုကျမှုနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိ ချက်များနှင့် အမြန်ဆုံးဆက်လက်ပြုပြင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်တင်တင်လေး ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော စစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးနှင့် ကော်မတီ အဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် (အငြိမ်းစား) ဦးဝင်းတင့်နှင့် စစ်ဆေးရေးကော်မတီအဖွဲ့ ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဒေါ်တင်တင်ကျော်နှင့် တာဝန်ရှိသူများ ၊ ဥပဒေအကြံပေးများနှင့် ရန်ကုန်တိုင်းဒေသကြီး ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် က သူနာပြုတက္ကသိုလ် (ရန်ကုန်) တိုးချဲ့ဝင်း၌ လေးထပ် စာသင် ကျောင်းဆောင် အပေါ်ဆုံးထပ် မျက်နှာစာမှ Roof Beam အမိုး၊ Parapet ပြိုကျခြင်း ၊ ပေါ်တီကို ပျက်စီးမှုများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့များ အနေဖြင့် လိုအပ်သလို စစ်ဆေး၍ တွေ့ရှိချက်၊ သုံးသပ်ချက်များနှင့် အကြံပြု ချက်များကို ပြည်ထောင်စုဝန်ကြီးက အမြန်ဆုံးအကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မှာကြားခဲ့ပါကြောင်း၊ မေ ၁၇ ရက်တွင် ဖြစ်ပျက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ တင်ပြချက်များကို သိရှိပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြံပြုတင်ပြချက်များနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အကြံပြုတင်ပြချက်များ ၊ ဥပဒေပညာရှင်များ၏ အကြံပြုချက်များကိုရယူ၍ ယနေ့အစည်းအဝေးမှ ဆုံးဖြတ်ချက် တစ်ခုကို ဆောင်ရွက်နိုင်အောင် ခေါ်ယူဆွေးနွေးခြင်း ဖြစ်ပါကြောင်းနှင့် တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုပါကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး က စစ်ဆေးရေးအဖွဲ့၏တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်က Structure ဒီဇိုင်းမှားယွင်း နေခြင်း၊ ဆောက်လုပ်ချိန်တွင် ကြီးကြပ်မှုအားနည်းခြင်း၊ အကြံပြုလိုသည်က အဆောက်အအုံကို အမြန်ဆုံးပြန်လည်ပြုပြင်ရန် လိုအပ်ပါကြောင်းဖြင့် လည်း ကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် (အငြိမ်းစား) ဦးဝင်းတင့်က စစ်ဆေးတွေ့ရှိချက် အရ အကြံပြုရမည်ဆိုလျှင် အချို့အစိတ်အပိုင်းများတွင် သံထည်၊ Steel Structure ဖြင့် အစားထိုးဆောင်ရွက်ပြီး အဆောက်အအုံအား လေးထပ်မူလ အတိုင်း ပြုပြင်ဆောင်ရွက်သင့်ပါကြောင်း၊ Soil Test Result အရ အဆောက် အအုံ အုတ်မြစ်ခံနိုင်ရည်ရှိပါကြောင်း၊ မူလပကတိအခြေအနေအတိုင်း မလျော့ စေဘဲ ခံနိုင်ရည်အားဖြည့်ရန်လိုအပ်သည့် လုပ်ငန်းများဖြင့် အားဖြည့်ဆောင်ရွက် ခြင်း၊ မလိုအပ်သည့် အစိတ်အပိုင်းများကို ဖယ်ရှားသင့်ပါကြောင်းဖြင့် လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရှေ့နေချုပ်ရုံး ဥပဒေပညာရှင်များနှင့် သူနာပြု တက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသည့် ပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုတင်ပြချက်များကို ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခုတင်ပြချက် ၊ အကြံပြုချက်၊ စစ်ဆေးတွေ့ရှိချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံးဖြစ်ရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ ယခုလေးထပ် စာသင်ကျောင်းကို ကျောင်းမဖွင့်မီ ပြုပြင်သွားရန် ပြည်ထောင်စုဝန်ကြီးထံ ယခုအကြံပြုချက်များကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ၊ ဥပဒေအကြံပြုချက်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ် ရုံးသို့ ဆက်လက်အကြံပြုချက် တောင်းခံသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

(ဂ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကို စီမံခန့်ခွဲရာတွင် ဒါရိုက်တာအဖွဲ့ (Fund Bureau or Fund Board)ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်တွင် လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ထားရှိဖွဲ့စည်းမည်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအား ဒုတိယဝန်ကြီးအဆင့်အနေဖြင့် သီးခြားခန့်အပ်တာဝန်ပေးရန်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးရုံးအဖြစ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ပင်စင်ဦးစီးဌာနမှ ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဃ) အခြေခံလစာ၏ ထည့်ဝင်ကြေးနှုန်းထား သတ်မှတ်ရာတွင် ဝန်ထမ်းနှင့် အစိုးရတို့မှ ထည့်ဝင်ကြေးအဖြစ် အခြေခံလစာ၏ (၅ ရာခိုင်နှုန်း)စီကို သတ်မှတ်ရန်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ပြောင်းလဲ သတ်မှတ်ခွင့်ရှိမည်ဖြစ်ပါသည်။

(င) ဒါရိုက်တာအဖွဲ့တွင် အစိုးရကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်၊ ပြင်ပပညာရှင်တို့ဖြင့် အချိုးကျ ဖွဲ့စည်းမည်ဖြစ်ပါသည်။

(စ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ စတင်အသက်ဝင်သည့်နေ့ကို Cut-Off Date အဖြစ် သတ်မှတ်မည်ဖြစ်ပြီး လာမည့် ဘဏ္ဍာနှစ် (၁-၁၀-၂၀၂၀)ရက်နေ့မှစတင်၍ ဆောင်ရွက်ရန် လျာထားပါသည်။

(ဆ) အငြိမ်းစားအကျိုးခံစားခွင့်ပြုရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပင်စင်အမျိုးအစားများအားလုံး ရယူခံစားခွင့်ရှိသည်။ အငြိမ်းစားအကျိုးခံစားခွင့်များအား လုပ်သက်ဆုငွေနှင့် လစဉ်အကျိုးခံစားခွင့်များ ခံစားရရှိနိုင်မည်ဖြစ်သည်။ လက်ရှိစနစ်ထက် ပိုမိုကောင်းမွန်သော ပင်စင်ဆိုင်ရာ ဝန်ဆောင်မှုများပေးအပ်ရန် ရည်ရွယ်ပါသည်။

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ရန်နှင့်စပ်လျဉ်း၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေကိုရေးဆွဲရာတွင် ပဉ္စမမူကြမ်းသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ အငြိမ်းစားလစာသည် လက်ရှိကာလ၏ ဝယ်နိုင်စွမ်းအားကို ထိန်းသိမ်းထားနိုင်ရေးတို့အတွက် ရန်ပုံငွေစီမံခန့်ခွဲသည့် ဒါရိုက်တာအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာနှင့်အတူ စီးပွားရေးအမြင်ရှိရှိ ရန်ပုံငွေတိုးတက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကိုအခြေခံ၍ အငြိမ်းစားများ၏ ပိုမိုကောင်းမွန်သော ပင်စင်ဆိုင်ရာဝန်ဆောင်မှုပေးခြင်း၊ လူနေမှုဘဝအရည်အသွေး ပိုမိုလုံခြုံစေနိုင်ခြင်းဖြင့် ယုံကြည်အားထားရသော ပင်စင်စနစ်ဖြစ်ပေါ်စေနိုင်ရန် ဖြစ်ပါသည်။

ထို့ကြောင့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေထူထောင်၍ ပင်စင်စနစ်အား ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ရေရှည်တွင် နိုင်ငံတော်အစိုးရအတွက် ပင်စင်၏ ကြီးလေးသောတာဝန်ကြောင့် ဘတ်ဂျက်လိုငွေပြမှုအား လျော့နည်းစေနိုင်ခြင်း၊ ပင်စင်စားများအတွက် အကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းအားဖြင့် ပင်စင်ရန်ပုံငွေ တိုးပွားမှုအပေါ်မူတည်၍ ပင်စင်လစာ တိုးတက်ပြောင်းလဲသတ်မှတ်စေနိုင်ခြင်း၊ ဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက်စိတ်အေးစွာ အထောက်အပံ့ဖြစ်စေခြင်းနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအား အထောက်အပံ့ဖြစ်စေခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေသော အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုများ၊ စီမံခန့်ခွဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် အသွင်ကူးပြောင်းစေနိုင်ခြင်းတို့ကြောင့် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်တစ်လျှောက်လုံး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို လေးစားအသိအမှတ်ပြုခြင်းအားဖြင့် အငြိမ်းစားလူနေမှုဘဝ အရည်အသွေးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးသည် မိမိတို့နိုင်ငံတွင် ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့်နယ်ပယ်တစ်ရပ်ဖြစ်ပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့်လည်း "ဝန်ထမ်းနောင်ရေးကြောင့်ကြဝေးဖို့ CPF မှာ ထည့်ဝင်ကြပါစို့"ဟူသော ဆောင်ပုဒ်အရ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

### ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မည့်ပုံစံ

| စဉ် | အကြောင်းအရာ | အကောင်အထည်ဖော်မည့်ပုံစံ |
|---|---|---|
| ၁။ | အကျိုးဝင်သော ဝန်ထမ်းများ သတ်မှတ်ခြင်း | - ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund-CPF) စနစ်တွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေအသက်ဝင်ပြီးနောက် စတင်ခန့်အပ်သည့် ဝန်ထမ်းသစ်များအားလုံးပါဝင်ရန်၊<br>- ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေအသက်ဝင်ချိန်တွင် ပင်စင်အကျိုးခံစားခွင့်မရှိသေးသည့် လုပ်သက်(၁၀)နှစ်အောက် ဝန်ထမ်းများအားလုံးကို မဝင်မနေရစနစ်ဖြင့် ပါဝင်စေရန်၊ |
| ၂။ | စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း | - ဒါရိုက်တာအဖွဲ့ (Fund Bureau or Fund Board)ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်တွင် လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ထားရှိဖွဲ့စည်းရန်၊<br>- ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအား ဒုတိယဝန်ကြီးအဆင့်အနေဖြင့် သီးခြားခန့်အပ် တာဝန်ပေးရန်၊<br>- ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ပါက ဒါရိုက်တာအဖွဲ့ကို အထောက်အကူပြုရန် ရုံးအဖွဲ့အား ရန်ပုံငွေထိန်းသိမ်းလည်ပတ်မှု လုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေမှုရှိသည့် ဖွဲ့စည်းပုံအဖြစ် ပြင်ဆင်ဖွဲ့စည်းရန်၊<br>- ဒါရိုက်တာအဖွဲ့တွင် အစိုးရကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်၊ ပြင်ပပညာရှင်တို့ဖြင့်အချိုးကျဖွဲ့စည်းရန်၊<br>- ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးရုံးဖြစ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ပင်စင်ဦးစီးဌာနမှ ဆောင်ရွက်မည် ဖြစ်ပါသည်။ |
| ၃။ | အခြေခံလစာ၏ထည့်ဝင်ကြေး နှုန်းထား သတ်မှတ်ခြင်း | - ဝန်ထမ်းနှင့် အစိုးရတို့မှ ထည့်ဝင်ကြေးအဖြစ် အခြေခံလစာ၏ (၅%) စီကို သတ်မှတ်ရန် (အစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။) |
| ၄။ | Cut-Off Date သတ်မှတ်ခြင်း | - ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ စတင်အသက်ဝင်သည့်နေ့ကို Cut-Off Date အဖြစ် သတ်မှတ်ရန်၊ လာမည့် ဘဏ္ဍာနှစ်(၁-၁၀-၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ရန် လျာထားပါသည်။ |
| ၅။ | အကျိုးခံစားခွင့်ပြုခြင်း | - နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပင်စင်အမျိုးအစားများ အားလုံးတွင် ခံစားခွင့်ရှိသည်။ အငြိမ်းစား အကျိုးခံစားခွင့်များအား လုပ်သက်ဆုငွေနှင့် လစဉ်အကျိုးခံစားခွင့်များ ခံစားရရှိနိုင်မည်ဖြစ်သည်။ |

# ဒေါင်းယဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ် စာရေးဆရာ နွမ်ဂျာသိုင်း ဆုံးရှာပြီ...



ယနေ့ ၂၇ ဇွန် ၂၀၂၀ စနေနေ့ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်က စာရေးဆရာ နွမ်ဂျာသိုင်း နှလုံးဝေဒနာဖြင့် ပင်လုံဆေးရုံတွင် ကွယ်လွန်သွားခဲ့ပါသည်။ ဆရာ၏ စာနုစာယဉ်များက နွမ်ဂျာသိုင်းခေတ်တစ်ခုဟု ပြောနိုင်လောက်သည်ထိ ထင်ရှားခဲ့ပါသည်။ ထိုခေတ် ထိုအခါကရေး အားကောင်း၊ ရောင်းအားကောင်း စာရေးဆရာတစ်ဦးဖြစ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင် အဖြစ် တာဝန်ယူထားသူဖြစ်ပါသည်။ ၂၀၁၂ မြန်မာ့ ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီ ဆုရွေးချယ်ရေးအဖွဲ့ဝင် နှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် အဖြစ်လည်း တာဝန်ယူခဲ့ဖူးသည်။

ဆရာရေးသားခဲ့သော စာအုပ်များစွာထဲက ရုပ်ရှင် အဖြစ် ရိုက်ကူးခဲ့သည့် စာအုပ်များက မနည်းလှပါ။ 'အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ' ဝတ္ထုကို 'ချစ်နှင်းဆီ လှလှလေး' အမည်ဖြင့် လည်းကောင်း၊ 'နွေဦး ရောက်ပြီ သူငယ်ချင်း' ဝတ္ထုကို 'နွေဦးရောက်ပြီ ကိုကို'ဟု လည်းကောင်း၊ 'အလယ်ကလူ စကားဝဲ၏' ဝတ္ထုကို 'မယ်သီတာလို မိန်းကလေး' အမည်ဖြင့် လည်းကောင်း၊ 'နွေ၏ အလွန်' ဝတ္ထုကို 'နွေ၏ အလွန်' အမည်ဖြင့် လည်းကောင်း ရုပ်ရှင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဗီဒီယိုခေတ်တွင်လည်း ဗီဒီယိုရုပ်ရှင်ရိုက်ကူး ခဲ့သော ဆရာ့စာအုပ်များကလည်း အများအပြား ဖြစ်ပါသည်။ ရက်ရွေးမနေပါနဲ့ ကိုကိုရယ်၊ အချစ်ဆုံး လည်း ဖြစ်ခဲ့ဖူးပါတယ်၊ မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူး ရှင်၊ အိပ်မက်မြို့သူ၊ တိမ်တောင် ညိုပြာ၊ ဒေါင်းယဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်၊ မိုးရေတက်ရေ တဖွေးဖွေး၊ မြူဝန်းလို့ခို စသည်တို့ပါ။

ဆရာက ဝတ္ထုနှင့် ဇာတ်ညွှန်းများ ရေးသား ခဲ့သည်တို့လည်း ရှိ၏။ ထင်ရှားသည်များမှာ မမစိမ်း၊ မဟာသမုဒ္ဒရာ၌ပင် အနားသတ်ကမ်းစပ်ရှိ၏၊ မိုးကောင်းကင် မျက်နှာကြက်၌တည်သော အလင်း အိမ်၊ ကောင်းကင်ယံ၌ ကြယ်များလင်းလက်၍၊ မြေကြီးပေါ်တွင် ပန်းများပွင့်ကြသည်၊ နှလုံးသားတွင် ကမ္ဘည်းတင်မည် ကဏ္ဍပနဒီတို့ဖြစ်၏။

ဆရာနွမ်ဂျာသိုင်းသည် ရွှေမန်းသဘင်က တင်ဆက်သော 'တစ်ခါတုန်းက တက္ကသိုလ်မှာ'၊ မင်းသားနန်းဝင်းတို့၏ နန်းမဟာသဘင်တွင် 'တစ်ပင် တည်း ရင်ထဲကနွယ်' နှင့် 'ဒေါင်းယဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်' ဝတ္ထုများကို ပြဇာတ်အဖြစ် စင်တင်ကပြခဲ့ဖူးပါသည်။

ဆရာနွမ်ဂျာသိုင်းကို ၁၉ နိုဝင်ဘာ၊ ၁၉၅၂ တွင် သာစည်မြို့၌ မွေးဖွားခဲ့သည်။ အဘ ဦးမြ၊ အမိ ဒေါ်မမကြီးတို့ဖြစ်ပြီး မွေးချင်း ခုနစ်ယောက်အနက် သားအကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဝင်းမြင့်မောင် ဖြစ်သည်။

၁၉၇၁ မှာ အထက (၂) အင်းစိန်မှ အခြေခံပညာ အထက်တန်းအောင်မြင်ပြီး ရန်ကုန်စက်မှုတက္ကသိုလ် တွင် တက်ရောက်၍ လျှပ်စစ်အင်ဂျင်နီယာပညာရပ်ကို ပဉ္စမနှစ်ထိ သင်ကြားခဲ့သည်။ မှိုင်းရာပြည့်တွင် ပါဝင် လှုပ်ရှားမှု၊ စာကဗျာများကြောင့် ရန်ကုန်စက်မှု တက္ကသိုလ်မှ ကျောင်းထုတ်ခံခဲ့ရသည်။ ထို့နောက် တက္ကသိုလ်စာပေးစာယူ စာပေးစာယူ သင်တန်းမှ သိပ္ပံဘွဲ့ (ရူပဗေဒ) ရရှိခဲ့ပြီး ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်တွင် မဟာသိပ္ပံ (ရူပဗေဒ) နောက်ဆုံးနှစ် အပိုင်း- က အထိ တက်ရောက်သင်ကြားခဲ့သည်။

၁၉၆၉ နှစ်ကစ၍ အပျိ၊ သင့်ဘဝ၊ တိုင်းရင်းမေ စသည့်စာစောင်များတွင် ကဗျာနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။

၁၉၇၃ တွင် ပါးကွက်ကြားနှင့် လပြည့်ဝန်း ကဗျာ လုံးချင်း ထုတ်ဝေခဲ့ပြီး ၁၉၇၉ တွင် ဆရာရေးသားသော အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိအမည်ရှိ လုံးချင်းဝတ္ထုကို ထုတ်ဝေခဲ့သည်။ ဆရာရေးသားခဲ့သော လုံးချင်း ဝတ္ထုရှည်ပေါင်း ၉၀ ကျော်ရှိခဲ့သည်။

ဆရာ့စာများကို မတွေ့ရတော့သည်မှာ အတန် ငယ်ကြာသွား ခဲ့ပြီဖြစ်သော်လည်း ဆရာ့ကို ထင်ရှား သော စာရေးဆရာတစ်ဦးအဖြစ် ယနေ့ခေတ်ထိ သိနေ ကြဆဲဖြစ်ပါသည်။

ဆရာ ကွယ်လွန်ချိန်တွင် ဇနီးနှင့် သမီးသုံးဦး ကျန်ရှိပါသည်။ ဆရာနွမ်ဂျာသိုင်းကို ဆုံးရှုံးရခြင်း အတွက် ဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။

စာအုပ်ပိုး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## စီးရီးအေအမှတ်ပေးဖလားနှင့် ဂျူဗင်တပ်စ်၏ လားရာ

ဇွန် ၂၇ ရက် နံနက်ပိုင်းက အီတလီ စီးရီးအေ ပွဲစဉ်(၂၈)အဖြစ် အမှတ်ပေး ဗယားထိပ်ဆုံးမှ ဂျူဗင်တပ်စ်အသင်းနှင့် တန်းဆင်းဇုန်အတွင်းက လက်ချီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက လေးဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် ဂိုးများကို ပထမပိုင်းပွဲချိန်အတွင်း သွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ဒုတိယပိုင်းအရောက်တွင်မှ လေးဂိုးစလုံး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေတွင် ဒုတိယနေရာမှ လာဇီယိုထက် တစ်ပွဲပိုကစားကာ ရမှတ် ၆၉ မှတ်ရရှိပြီး ခုနစ်မှတ်အထိ ယာယီဖြတ်တောက်ထားနိုင်သည်။ အဆင့်(၃)မှ အင်တာမီလန် အသင်းကိုလည်း ၁၁ မှတ်အထိ ဖြတ်ထားနိုင်သည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ အမှတ်ပေးဖလားရရှိရန် ပြတ်သားစွာ အခြေမပေါ်သေးသည့်အတွက် ကျန်ရှိနေသည့်ပွဲစဉ်များကို သတိထားယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

အသင်းကို တာဝန်ယူ ကိုင်တွယ်လျက်ရှိသော နည်းပြဆာရီသည် ဂျူဗင်တပ်စ်အသင်းသို့ ၂၀၁၉ ခုနှစ် ဇွန်လတွင် ရောက်ရှိခဲ့သူ ဖြစ်သည်။ လက်ရှိအချိန်အထိ ပြိုင်ပွဲအရပ်ရပ် ၄၁ ပွဲ နည်းပြကိုင်တွယ်ခဲ့ပြီး ၂၉ ပွဲ အနိုင်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ခုနစ်ပွဲ သရေကျထားကာ ငါးပွဲ ရှုံးနိမ့်ထားသည်။ ထို့အပြင် ၎င်း၏ လက်ထက်တွင် ဂျူဗင်တပ်စ်အသင်း နှစ်ကြိမ်ဗိုလ်လုပွဲ ကစားထားရာတွင် နှစ်ကြိမ်စလုံး ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ၎င်းကိုင်တွယ်နေသည့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် အနီးစပ်ဆုံးဖလား ရရှိနိုင်ခြေမှာ စီးရီးအေအမှတ်ပေးဖလားဟု ဆိုရပေမည်။

အသင်းတွင် အားထားရသည့် စီရော်နယ်ဒိုသည် လိဂ် ၂၄ ပွဲတွင် ၂၃ ဂိုးအထိ ဂိုးသွင်းယူထားနိုင်သည့် ကစားသမားဖြစ်သည်။ ၎င်းသည် စီးရီးအေ၏ သွင်းဂိုး အများဆုံးစာရင်းတွင် ၂၃ ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ပထမနေရာတွင် လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်းက ၂၇ ဂိုးဖြင့် ဦးဆောင်နေသည်။

ဂျူဗင်တပ်စ် အသင်းသည် လာမည့် စီးရီးအေပွဲစဉ် ၂၉ ကို ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ဂျီနိုအာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

## ရသေ့တောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ မိသားစုသုံးဦးအား AA အကြမ်းဖက်သောင်းကျန်းသူများက ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဇွန် ၂၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ မိခိုသူသုံးဦးအား AA အကြမ်းဖက်သောင်းကျန်းသူများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ စစ်သည်များ၏ မိခိုသားသမီး ကျားသုံးဦးသည် ဇွန် ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် ဆိုင်ကယ်နှစ်စီးဖြင့် ကြိမ်သာရွာဘက်သို့ သွားရောက်ခဲ့ရာ ကြိမ်သာကျေးရွာသို့ ရောက်ရှိစဉ် AA အကြမ်းဖက် သောင်းကျန်းသူများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးခံရသူ သုံးဦးအား ပြန်လည်ရှာဖွေကယ်ဆယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများသည် လက်နက်အားကိုးဖြင့် ၎င်းတို့၏ ခိုင်းစေမှုအား ငြင်းဆန်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၊ အပြစ်မဲ့ ပြည်သူများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် မတရားဖမ်းဆီးခေါ်ဆောင်ခြင်း စသည့်အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

## ဘားအံမြို့၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင် အယောင်ဆောင်၍ ငွေကြေးလိမ်လည်ရယူခြင်းနှင့် လိုင်စင်မဲ့ယာဉ်များ ရောင်းချနေသူတစ်ဦးအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၇

ကရင်ပြည်နယ် ဘားအံမြို့၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင် အယောင်ဆောင်၍ ငွေကြေးလိမ်လည် ရယူခြင်းနှင့် လိုင်စင်မဲ့ယာဉ်များ ရောင်းချနေသူတစ်ဦးအား ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာနေ ဘီလား(ဘ) ဦးမိုဗစ်ရာမန် ဆိုသူသည် နယ်ခြားစောင့် တပ်ဖွဲ့မှ အရာရှိတစ်ဦးအဖြစ် အယောင်ဆောင်၍ ဘားအံမြို့ပေါ်ရပ်ကွက်များ၌ ငွေကြေးလိမ်လည်ရယူခြင်းနှင့် လိုင်စင်မဲ့ယာဉ်များ ရောင်းချခြင်းများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေး ရှာဖွေရာ ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဘားအံမြို့ ကားကြီးဝင်း၌ ဘီလားအား တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ ပွိုင့်-၃၈ ခြောက်လုံးပြူး သေနတ် တစ်လက်နှင့် ၎င်းကျည်သုံးတောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် နယ်ခြားစောင့် တပ်ဖွဲ့ဝင် အယောင်ဆောင်သူအား ဘားအံမြို့မရဲစခန်း၌ တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်



အိုက်လွိုင်နွဲ့(ခ)အိုက်နွဲ့၊ စိုင်းစီတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေက တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံ ကျေးရွာဈေး အနီးတွင် အိုက်လွိုင်နွဲ့(ခ) အိုက်နွဲ့ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှင့် စိုင်းစီ မောင်းနှင်လာသော မော်တော်ယာဉ်တို့ကို ရပ်တန့်ရှာဖွေရာ အိုက်လွိုင်နွဲ့(ခ)အိုက်နွဲ့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် စိုင်းစီထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## သာကေတမြို့နယ်အတွင်း လှည့်လည်သွားလာ၍ လက်ကိုင်ဖုန်းများ၊ ဆိုင်ကယ်ခိုးမှုကျူးလွန်သူ တစ်ဦးကို ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အရှေ့ပိုင်းခရိုင်နယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဇွန် ၂၀ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၇)ရပ်ကွက် ကမ်းနားလမ်းမပေါ်၌ ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရှိသူ ငြိမ်းချမ်းအား ဆိုင်ကယ်နှင့်အတူ တွေ့ရှိစစ်ဆေးရာ ၎င်းသည် ဇန်နဝါရီလမှ ဧပြီလအထိ သာကေတမြို့နယ်အတွင်းရှိ နေအိမ်များမှ ဖုန်းမျိုးစုံကိုးလုံးနှင့် လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်း လက်ကိုင်ဖုန်းအမျိုးမျိုးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ငြိမ်းချမ်းအား ဥပဒေနှင့်အညီ တရားစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုရဲ

# (၃၆) ကြိမ်မြောက် အာဆီယံအစည်းအဝေးတွင် ကိုဗစ်- ၁၉ တုံ့ပြန်ရေးကိစ္စကို အလေးထားဆွေးနွေး




(၃၆) ကြိမ်မြောက် အာဆီယံအစည်းအဝေးတွင် ဗီယက်နမ်ဝန်ကြီးချုပ် မိန့်ခွန်းပြောနေစဉ်။

ဟန္နိုင်း ဇွန် ၂၇

ဗီယက်နမ်က ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပသော (၃၆) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဗီဒီယိုဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်းနှင့် ကိုဗစ်- ၁၉ တုံ့ပြန်ရေးကိစ္စ၊ ကပ်ရောဂါအလွန်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိတ်ဖက်နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဦးစားပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအဖွင့်မိန့်ခွန်း၌ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုက (၃၆) ကြိမ်မြောက် အာဆီယံဆွေးနွေးပွဲသည် တောင့်တင်းခိုင်မာသော စည်းလုံးညီညွတ်မှု၊ ကောင်းမွန်သောနိုင်ငံရေးဆန္ဒ၊ အခက်အခဲများကိုရင်ဆိုင်ကျော်လွှားနိုင်ရမည်ဆိုသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြင်းပြသောဆန္ဒနှင့် ရှေ့ဆက်လက်လျှောက်လှမ်းမည်ဆိုသည့် ခံယူချက်များ နောက်တစ်ကြိမ် ပြန်လည်ခိုင်မာလာအောင် အခွင့်အရေးပေးလိုက်သကဲ့သို့ ဖြစ်ကြောင်း ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြန်လည်ဦးမော့လာအောင် လုပ်ဆောင်ရန်လိုအပ်သလို ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့ခြင်းကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန်လိုအပ်ပြီး ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် လိုအပ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားလိုက်သည်။

ထို့အပြင် ၂၀၂၀ အာဆီယံအသိုက်အဝန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်များကိုလည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုက်တွန်းပြောကြားလိုက်သည်။

ပူးပေါင်းတုံ့ပြန် အာဆီယံဟူသော ဆောင်ပုဒ်နှင့်အညီ (၃၆) ကြိမ်မြောက် အာဆီယံအစည်းအဝေးသည် ဒေသတွင်း ကပ်ရောဂါအလွန် ပြန်လည်ရှင်သန်ရေးဆိုင်ရာ ကျယ်ပြန့်သော နည်းလမ်းများကို ဆွေးနွေးကြသည်။

အာဆီယံသည် မိတ်ဖက်နိုင်ငံများနှင့် လေးနက်၊ မျှတ ကောင်းကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးဆိုင်ရာ ပေါင်းစည်းမှုနှင့် လွတ်လပ်စွာ လုပ်ဆောင်နိုင်ရန်လည်း ခိုင်မာသော သန္နိဋ္ဌာန်ချထားပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၁၉၆၇ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့သည့် အာဆီယံအဖွဲ့ကြီးတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။

(၃၆) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးကို ဧပြီတွင် ကျင်းပရန် လျာထားသော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# ဖေ့စ်ဘွတ်မူဝါဒကို ချိုးဖောက်သူ မည်သူမဆို သတိပေးခြင်းခံရမည်

ဝါရှင်တန် ဇွန် ၂၇

နိုင်ငံရေးသမားများအပါအဝင် ဖေ့စ်ဘွတ်မူဝါဒကို ချိုးဖောက်သော မည်သူမဆို ၎င်းတို့၏ပို့စ်တွင် သတိပေးမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်က ပြောကြားလိုက်သည်။

ပို့စ်များနှင့် ကြော်ငြာများပေါ်တွင် ဖေ့စ်ဘွတ် မူဝါဒသစ်ကို ဇွန် ၂၆ ရက်က ကြေညာခဲ့ကြောင်း ဇူကာဘတ်က ပြောကြားလိုက်သည်။

လူမျိုးရေးခွဲခြားဖိနှိပ်မှုများနှင့် အသားအရောင် သို့မဟုတ် လူမျိုးရေးကို အခြေခံသည့် အမုန်းတရားများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်မှုများပါသည့် ကြော်ငြာများကိုလည်း တားမြစ်မည်ဖြစ်ကြောင်း ဇူကာဘတ်က ပြောကြားလိုက်သည်။

ခြွင်းချက်တစ်စုံတစ်ရာမရှိဘဲ ဖေ့စ်ဘွတ်မူဝါဒကို ဖောက်ဖျက်သည့် သတင်းအကြောင်းအရာများကိုလည်း သတိပေးစာတန်းများ ရေးထိုးသွားမည်ဖြစ်ကြောင်းနှင့် ဆန္ဒမဲပေးမှုကို နှောင့်နှေးစေသည့် ဆောင်ရွက်ချက်များနှင့် အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်ပေးသည့် မည်သည့်အကြောင်းအရာမဆို ဖေ့စ်ဘွတ်မှ ဖယ်ရှားသွားမည်ဖြစ်ကြောင်း ဇူကာဘတ်က ဆက်လက်ပြောကြားလိုက်သည်။

အကြမ်းဖက်မှုများကို မီးလောင်ရာလေပင့်ဖြစ်စေမည့် လူမည်းများ၏ အသက်သာ ပဓာနဆိုသည့် ဆန္ဒပြမှုများနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တင်ထားသော ပို့စ်ကို တွစ်တာက သတိပေးစာတန်းရေးထိုးခဲ့သည်။ သို့သော်လည်း ဇူကာဘတ်က နိုင်ငံရေးမှတ်ချက်များကို ကိုင်တွယ်ရာတွင် သတိနှင့် ကိုင်တွယ်ရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဖေ့စ်ဘွတ်ကုမ္ပဏီအလုပ်သမားအချို့က ယင်းအပေါ် သဘောထားကွဲလွဲလျက်ရှိသလို ကုမ္ပဏီကြီးတွေကလည်း ၎င်းတို့၏ ကြော်ငြာများကို ဖေ့စ်ဘွတ်မှ ပြန်လည်ရုပ်သိမ်းသွားကြသည်။

ဖေ့စ်ဘွတ်မူဝါဒပြောင်းလဲရန် ဇူကာဘတ်အား ဖိအားပေးခံရခြင်း ဖြစ်နိုင်ကြောင်း လေ့လာသူများက ပြောသည်။

အင်န်အိတ်ချ်ကေ



ဖေ့စ်ဘွတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၂၇ ရက်က ကိုဗစ်- ၁၉ ထပ်မံဖြစ်ပွားသူ ၃၅၀၀ ကျော်ရှိလာ

ဒါကာ ဇွန် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ထပ်မံဖြစ်ပွားသူပေါင်း ၃၅၀၀ ကျော်ရှိခဲ့ကြောင်း ဇွန် ၂၇ ရက်က ဖော်ပြမှုနှင့်အတူ ယခုအခါတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၃၄၀၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အဆင့်မြင့်ကျန်းမာရေးအရာရှိတစ်ဦးဖြစ်သူ နာဆီမာ ဆော်တာနာက ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ဇွန် ၂၇ ရက် နေ့လယ်က ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ဖြစ်ပွားသူပေါင်း ၃၅၀၄ ဦးနှင့် သေဆုံးသူပေါင်း ၃၄ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

နိုင်ငံအတွင်း စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်းမှာ ၁၃၃၉၇၈ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့ပြီး သေဆုံးသူပေါင်း ၁၆၉၅ ဦးရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကျန်းမာရေးအရာရှိတစ်ဦး၏ ပြောကြားချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်နမူနာပေါင်း ၁၅၁၅၇ ခုကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ယခုအခါတွင် ၅၄၃၁၈ ဦးရှိခဲ့ကြောင်း ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၁၇ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၀၀၈ ဦးဖြင့် အမြင့်ဆုံးမှတ်တမ်းတင်ခဲ့သလို ဇွန် ၁၆ ရက်က သေဆုံးသူ ၅၃ ဦးဖြင့် စံချိန်တင်ခဲ့သည်။ ဆင်ဟွာ

# ကိုဗစ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုများမြင့်တက်လာကြောင်း ဂျပန်အစိုးရအဖွဲ့ရုံးပြော

တိုကျို ဇွန် ၂၇

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် အိမ်တွင်း၌သာနေထိုင်ရန် တိုက်တွန်းပြောကြားထားချိန် အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်ပြီး အကြံဉာဏ်ရယူသူများ သီတင်းပတ်တစ်ပတ်ကျော် ကာလအတွင်း များပြားလာကြောင်း ဂျပန်အစိုးရအဖွဲ့ရုံးက ပြောကြားလိုက်သည်။

တစ်နိုင်ငံလုံးရှိ အိမ်ထောင်ရေးအကြမ်းဖက်မှုနှစ်သိမ့်ဆွေးနွေးခြင်းနှင့် အားပေးခြင်းဌာနများက အိမ်တွင်း အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး နှစ်သိမ့်အားပေးဆွေးနွေးမှုတောင်းခံသူများမှာ ဧပြီလနှင့် မေလအတွင်း ၁၃၄၀၀ ကျော်လာကြောင်း ပြောကြားသည်။

တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်ပြီးနောက် အဆိုပါအရေအတွက်မှာ ယခုနှစ် ဧပြီလတွင် ၃၀ ရာခိုင်နှုန်းနီးနီး မြင့်တက်လာကြောင်းနှင့် မေလတွင် ၂၀ ရာခိုင်နှုန်းနီးနီး မြင့်တက်လာကြောင်း သိရသည်။


အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်ပြီး နှစ်သိမ့်ဆွေးနွေးခြင်းများသည် မကြာသေးမီ နှစ်အနည်းငယ်အတွင်းက မြင့်တက်လာသည်။ အထူးသဖြင့် ထိုသို့နှစ်သိမ့်ဆွေးနွေးခြင်းများသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အိမ်တွင်းနေထိုင်ရသည့် ကာလများဖြစ်သော ဧပြီလနှင့် မေလတို့တွင် ပိုမိုမြင့်တက်လာကြောင်း အရာရှိများက ပြောကြားသည်။

အိမ်တွင်းအကြမ်းဖက်နှစ်သိမ့်ဆွေးနွေးအားပေးသည့် ဌာနသစ်တစ်ခုက ၎င်းအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်ပြီး အကြံဉာဏ်တောင်းခံမှုသည် ဇွန်လလယ်အထိ ၈၂၀၀ လက်ခံရရှိခဲ့ကြောင်း ပြောသည်။

အမျိုးသမီးတစ်ဦးက ၎င်း၏ အမျိုးသားသည် အိမ်မှအလုပ်လုပ်ရာ၌ အိမ်တွင်းအကြမ်းဖက်မှုများကို ပိုမိုပြုကျင့်လာကြောင်း မကျေမနပ် တိုင်တန်းလာခဲ့သည်။

တစ်ချိန်တည်းတွင် အလုပ်အကိုင်နှင့် သက်သာချောင်ချိရေးဌာနက တစ်နိုင်ငံလုံးရှိ ကလေးသူငယ်နှစ်သိမ့်အားပေးဆွေးနွေးရေး ဌာနများအနေဖြင့် ဧပြီလအတွင်း ကလေးသူငယ် မတော်မတရားပြုကျင့်နှိပ်စက်မှုပေါင်း ၁၄၃၀၀ ကျော် ကိုင်တွယ်ဖြေရှင်းခဲ့ရကြောင်း၊ အဆိုပါပမာဏသည် လွန်ခဲ့သောနှစ်ကထက် ၄ ရာခိုင်နှုန်းတိုးလာကြောင်း ပြောကြားသည်။

ထိုသို့ တိုးမြှင့်လာခြင်းသည် အိမ်၌သာ နေထိုင်ရခြင်း သို့မဟုတ် ကျောင်းများ ပိတ်ထားခြင်းနှင့် ဆက်နွှယ်နေမလားဆိုသည်ကို ကွဲကွဲပြားပြားမသိရသေးဟု အဆိုပါ ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။



အိမ်တွင်းအကြမ်းဖက်မှုကို ဖော်ကျူးထားသော ပုံတစ်ပုံကို တွေ့ရစဉ်။

အင်န်အိတ်ချ်ကေ

# မက္ကဆီကိုစီးတီးတွင် ဈေးဆိုင်များ၊ လမ်းဘေးဈေးများကို ပြန်ဖွင့်ခွင့်ပေးမည်

မက္ကဆီကိုစီးတီး ဇွန် ၂၇

**မက္ကဆီကိုနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုနှင့် သေနှုန်းမြင့်တက်နေသော်လည်း တိုင်းပြည်၏ အစိတ်အပိုင်း အတော်များများတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပေးသွားမည်ဟု ဇွန် ၂၆ ရက်တွင် မက္ကဆီကိုအစိုးရက ကြေညာခဲ့သည်။ ဇွန် ၂၆ ရက်တွင် မက္ကဆီကိုနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၅၄၄၁ ဦးအထိ တွေ့ရှိခဲ့ပြီး ကူးစက်ရောဂါစတင်သည့်အချိန်မှစ၍ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၂၀၈၃၉၂ ဦးအထိ ရှိလာပြီဖြစ်သည်။**

ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ နောက်ထပ် ၇၁၉ ဦး တိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၂၅၇၇၉ ဦးအထိ ရှိလာပြီဖြစ်သည်။ ဈေးဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ၊ အားကစားကွင်းများကို လာမည့်သီတင်းပတ်မှစတင်ကာ ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ပြီး အချိန်သတ်မှတ်ချက် လူဦးရေကန့်သတ်ချက်ဖြင့် ဖွင့်ခွင့်ပေးမည်ဖြစ်ကြောင်း မက္ကဆီကိုစီးတီး အာဏာပိုင်များက ကြေညာခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် သတိပေးမှုအဆင့်များကို အရောင်များဖြင့် သတ်မှတ်ကာ ခွဲခြားထားပြီး အနီရောင်အဆင့်မှာ အဆိုးဆုံးဟု သတ်မှတ်ထားသည်။ အစိမ်းရောင်ကိုမူ အကောင်းဆုံးအဆင့်အဖြစ် သတ်မှတ်ထားသည်။

တိုင်းပြည်အတွင်း သေဆုံးမှုနှင့် ကူးစက်မှုများ ဆက်လက်မြင့်တက်နေသော်လည်း သတိပေးမှုအဆင့်ကို လိမ္မော်ရောင်အဆင့်သို့ သတ်မှတ်ထားသည်။

ဟိုတယ်နှင့် စားသောက်ဆိုင်များကိုလည်း ၃၀ ရာခိုင်နှုန်းသာ ဧည့်သည်လက်ခံရမည်ဟူသော အစီအစဉ်ဖြင့် လာမည့်သီတင်းပတ်အတွင်း ဖွင့်ခွင့်ပေးမည်ဖြစ်သည်။

ဈေးများပြန်ဖွင့်မည်ဟု ကြေညာခဲ့သော်လည်း လမ်းဘေးဈေးသည်များမှာမူ ကူးစက်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ တစ်ခါမျှပိတ်ထားခဲ့ခြင်း မရှိပေ။

ဇူလိုင် ၆ ရက်တွင် ဈေးဝယ်စင်တာများ ကုန်တိုက်များ ပြန်ဖွင့်မည်ဖြစ်သည်။ အရက်ဘားများ၊ အားကစားခန်းမများနှင့် ကျောင်းများ၊ အခြားသောစီးပွားရေးလုပ်ငန်းများကိုမူ ဆက်လက် ပိတ်ထားဦးမည်ဖြစ်သည်။

ပီတီအိုင်




မက္ကဆီကိုစီးတီးရှိ လက်ကားဈေးတွင် သွားလာလှုပ်ရှားနေမှုများကို တွေ့ရစဉ်။

## ကာကွယ်ဆေးထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအတွက် ဒေါ်လာ ၁၈ဘီလီယံ လိုအပ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

ဂျီနီဗာ ဇွန် ၂၇

ကိုဗစ် –၁၉ ကာကွယ်ဆေးဖြန့်ဝေခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံအထိ လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဇွန် ၂၆ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သိပ္ပံဆိုင်ရာ အကြီးအကဲဖြစ်သူ ဆောမြာဆွာမိနာသန်က တစ်ကမ္ဘာလုံးရှိ အစိုးရများထံ အကူအညီတောင်းခံခဲ့သည်။

လက်ရှိအနေအထားတွင် ကာကွယ်ဆေးထုတ်လုပ်နေသည့် သူပေါင်း ၂၀၀ ကျော်ရှိကြောင်း၊ ၁၅ ဦးမှာ လက်တွေ့စမ်းသပ်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆွာမိနာသန်က ပြောကြားခဲ့သည်။

ကာကွယ်ဆေးတစ်ခုကို အသုံးပြုနိုင်သည့်အဆင့်ထိရောက်ရန် ၁၂ လမှ ၁၈ လအထိ အချိန်ယူရကြောင်း သိပ္ပံပညာရှင် အဖွဲ့အစည်းများနှင့် ကမ္ဘာပေါ်ရှိ ဆေးဝါးကုမ္ပဏီများကြား ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ထိုသို့စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လာမည့် နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁ သန်း လိုအပ်မည်ဖြစ်ပြီး လာမည့်ခြောက်လအတွင်း ဒေါ်လာ ၁၁ ဒသမ ၃ သန်း အသုံးပြုရမည်ဖြစ်သည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် ကမ္ဘာအနှံ့ ကာကွယ်ဆေး ၂ ဘီလီယံအထိ မျှမျှတတ ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။

အတိတ်ကာလတွင် ကူးစက်ရောဂါအတွက် ကာကွယ်ဆေးဖြန့်ဝေမှုမှာ သာတူညီမျှ မဖြစ်ခဲ့ကြောင်း ယခုတစ်ကြိမ်တွင် အလားတူဖြစ်ရပ်မျိုးအဖြစ် မခံတော့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့အက်ဒ်ဟာနွမ် ဂါဘရီယက်ဆုက ဧပြီလအတွင်းက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## ရုရှားတွင် ကိုဗစ် – ၁၉ ကူးစက်မှု လျော့ကျလာပြီဟု ရုရှားသမ္မတပြော

မော်စကို ဇွန် ၂၇

ကိုဗစ် – ၁၉ ကပ်ရောဂါသည် ရုရှားနိုင်ငံမှ ဆုတ်ခွာနေပြီဟု ဇွန် ၂၆ ရက်က စေတနာ့ဝန်ထမ်းလှုပ်ရှားမှုအဖွဲ့နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် တွေ့ဆုံစဉ် သမ္မတက ပြောကြားခဲ့သည်။

စေတနာ့ဝန်ထမ်းများ လုပ်ဆောင်ရသည့် တာဝန်များမှာလည်း အနည်းငယ်လျော့ကျလာပြီဟု သမ္မတပူတင်က ပြောသည်။ စေတနာ့ဝန်ထမ်းများသည် ရိုးသားစွာ အလုပ်လုပ်ကိုင်ခဲ့ကြပြီး စေတနာ့ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ပါသည်ဟု နောက်တစ်ကြိမ်ဂုဏ်ယူစွာဖြင့် ပြောကြားလိုကြောင်း သမ္မတပူတင်က ပြောသည်။

ဇွန် ၂၅ ရက်အတွင်း ရုရှားတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၆၈၀၀ ရှိပြီး ဧပြီလနှောင်းပိုင်းမှစတင်ကာ အနိမ့်ဆုံးပမာဏပင်ဖြစ်ကြောင်း လာမည့်သီတင်းပတ်များတွင် ကူးစက်ခံရသူအရေအတွက် လျော့ကျသွားနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် တက်ရာနာ ဂိုလီကိုဗာက ပြောကြားခဲ့သည်။

ဆင်ဟွာ

## အာဖဂန် လွတ်လပ်သော လူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်းနှစ်ဦး ဗုံးပေါက်ကွဲမှုအတွင်း သေဆုံး

ကဘူးလ် ဇွန် ၂၇

အာဖဂန်နစ္စတန် လွတ်လပ်သော လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ (အေအိုင်အိတ်ချ် အာစီ) သည် ၎င်းတို့၏ ဝန်ထမ်းနှစ်ဦးကို သေစေခဲ့သော ဗုံးပေါက်ကွဲမှုကို ရှုတ်ချပြောဆိုခဲ့သည်။

ဇွန် ၂၆ ရက် အစောပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးအကြံပေးတစ်ဦး အပါအဝင် အခြားသော ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ အတိအကျ သိရှိပြီးနောက်တွင် ပြည်သူလူထုကို သတင်းအချက်အလက်များ မျှဝေပေးသွားမည်ဟု အေအိုင်အိတ်ချ်အာစီ၏ သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းလက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။

လွန်ခဲ့သည့်နှစ်များကလည်း လူဦးရေငါးသန်းနီးပါး နေထိုင်သည့် ကဘူးလ်မြို့တွင် တာလီဘန်များနှင့် အိုင်အက်စ်အုပ်စုတို့၏ တိုက်ခိုက်မှုကို မကြာခဏ ဆိုသလို ခံရလေ့ရှိသည်။

ဆင်ဟွာ

## အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဂါဇာဒေသမှ ပစ်ခတ်သည့် ဒုံးကျည်နှစ်စင်း ထိမှန်ဟုဆို

ဂါဇာစီးတီး ဇွန် ၂၇

ဂါဇာကမ်းမြောင် ဒေသရှိ ပါလက်စတိုင်း စစ်သွေးကြွများက ဇွန် ၂၆ ရက် နှောင်းပိုင်းတွင် အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ဒုံးကျည်နှစ်စင်း ပစ်ခတ်လိုက်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။

ယင်းလုပ်ရပ်ကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတိုက်လေယာဉ်သည် ဟားမားစ်တို့၏ စစ်ဘက်အဆောက်အအုံနှစ်လုံးကို တိုက်ခိုက်လိုက်ကြောင်း ဂါဇာဒေသ အာဏာပိုင်များက ပြောသည်။

ယင်းဖြစ်ရပ်ကြောင့် ဒဏ်ရာရရှိသူ မရှိသကဲ့သို့ ဒုံးကျည်နှင့် တိုက်ခိုက်မှုအတွက်လည်း ပါလက်စတိုင်း စစ်သွေးကြွများ၏ လက်ချက်ဟု ဝန်ခံပြောကြားခြင်းမျိုးလည်း မရှိပေ။

ဒုံးကျည် ပစ်ခတ်မှုသည် အစ္စရေးနိုင်ငံရှိ ကွင်းပြင်ကျယ်တစ်ခုသို့ ကျရောက်ပြီး အနောက်ဘက်ကမ်းကို အစ္စရေးတို့ သိမ်းပိုက်ရန် အစီအစဉ်အတွက် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်လာမည်ဟု သတိပေးပြီးနောက် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ် သည်။ အစ္စရေးတို့ဘက်မှ လေကြောင်း တိုက်ခိုက်မှုကြောင့် ဟားမားစ်တို့၏ အနာဂတ် တိုက်ခိုက်မှု စွမ်းရည်များကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည်ဟု အစ္စရေးဘက်မှ ပြောသည်။ အနောက်ဘက်ကမ်းတွင် အစ္စရေးတို့၏ ကျူးကျော်ရေး အစီအစဉ်ကြောင့် ပါလက်စတိုင်း နယ်မြေများတွင် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

အကယ်၍ အစ္စရေးတို့ဘက်မှသာ ကျူးကျော်ရေးအစီအစဉ်ကို ဆက်လက် လုပ်ဆောင်ပါက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာမည်ဟု ဟားမားစ်အဖွဲ့က ဇွန် ၂၅ ရက်တွင် သတိပေးခဲ့သည်။

ပီတီအိုင်

## တူရကီနိုင်ငံတွင် ကိုဗစ် - ၁၉ တိုက်ဖျက်ရေးလုပ်ဆောင်နေစဉ်အတွင်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကျင်းပ

အစ္စတန်ဘူလ် ဇွန် ၂၇

တူရကီနိုင်ငံမှ အထက်တန်းပြီးဆုံးထားသူ ကျောင်းသားပေါင်း ၂ ဒသမ ၄ သန်းအတွက် ဇွန် ၂၇ ရက်တွင် ကိုဗစ် – ၁၉ အတွက် အသွားအလာ ပိတ်ဆို့ကန့်သတ်ထားမှုများ ပြုလုပ်ထားစဉ်အတွင်း တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။



စာမေးပွဲခန်းသို့ မဝင်ရောက်မီ ကျောင်းသူတစ်ဦးအား နှာခေါင်းစည်းတပ်ဆင်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

ရောဂါပျံ့နှံ့မည်ကို စိုးရိမ်ကြသည့်အတွက် ယခုသီတင်းပတ်အကုန်တွင် အချိန်အကန့်အသတ်ဖြင့် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားသည်။

ဒေသအသီးသီးမှ အာဏာပိုင်များသည်လည်း ကိုဗစ် –၁၉ ဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးအတွက် ကန့်သတ်မှုများ ပြုလုပ်ထားပြီး ကျောင်းသားများနှင့် ကျောင်းသားမိဘများအနေဖြင့် တင်းကျပ်သည့် စည်းကမ်းများကို လိုက်နာရန်၊ လူအချင်းချင်းခပ်ခွာခွာနေသည့်စနစ်ကို ကျင့်သုံးရန်နှင့် နှာခေါင်းစည်းများ တပ်ဆင်ရန် အာဏာပိုင်များက သတိပေးထားသည်။

စာမေးပွဲခန်းမ အပြင်ဘက်တွင်လည်း ကျောင်းသားများအတွက် လက်သန့်ဆေးရည်များ ပါးစပ်နှာခေါင်းစည်းအပိုများ ထားရှိပေးထားသည်။

ကျောင်းသားများနှင့် ဆရာများအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အင်တိုက်အားတိုက် လုပ်ဆောင်ပေးထားပြီး အခမဲ့စီးနင်းခွင့်ပေးထားကြောင်း အစ္စတန်ဘူလ်မြို့တော် မြူနီစီပယ်က ပြောသည်။

တူရကီနိုင်ငံတွင် ကိုဗစ်– ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၃၉၆ ဦး ရှိပြီး ဇွန် ၂၆ ရက်က ၁၉ ဦး ထပ်မံသေဆုံးခဲ့သည်။

ထို့ကြောင့် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၅၀၆၅ ဦးရှိပြီး ကူးစက်ခံရသူ စုစုပေါင်း ၁၉၄၅၁၁ ဦးအထိရှိကြောင်း သိရသည်။ ဆင်ဟွာ

**နိုင်ငံတကာ သတင်းတိုထွာ**

## တိုကျိုမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၅၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိ

**တိုကျို ဇွန် ၂၇**

တိုကျိုမြို့တော်တွင် ဇွန် ၂၇ ရက်က ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၅၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ဂျပန်အစိုးရက ကြေညာချက် ထုတ်ပြန်လိုက်သည်။

နိုင်ငံတော်အရေးပေါ်အခြေအနေကို မေ ၂၅ ရက်တွင် ရုပ်သိမ်းလိုက်သည့် အချိန်ကတည်းမှစကာ ယနေ့အတည်ပြုလိုက်သော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်သည် တစ်နေ့တည်းတွင် အမြင့်ဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားသည့် အရေအတွက်ဖြစ်သည်။

တိုကျိုမြို့၌ ဇွန် ၂၆ ရက်မှစကာ နှစ်ရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း အတည်ပြုသူဦးရေသည် ၅၀ ကျော်သို့ ရောက်ရှိလာခဲ့သည်။

တိုကျိုမြို့တွင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၆၀၅၄ ဦးရှိသည်။ ကိုရိုနာဗိုင်းရပ်စ် အသစ်ထပ်မံကူးစက်ခံရသူ ၄၁ ဦးသည် အသက် ၂၀ ကျော်နှင့် ၃၀ ကျော်များဖြစ်ကြသည်။ ကူးစက်ခံရသူ ၂၁ ဦးသည် ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူနှင့် အနီးကပ် ထိတွေ့ခဲ့သူများ ဖြစ်ကြသည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၀ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇွန် ၂၇**

မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀ ဦးတွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်း ကူးစက်ခံရသူအရေအတွက် ၈၆၈၁ဦး အထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကူးစက်ခံရသူ ၁၀ ဦးတွင် လေးဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လာကြသူများ ဖြစ်ကြသည်။

ပြည်တွင်း ကူးစက်ခံရသူများတွင် လေးဦးမှာ မလေးရှားနိုင်ငံသားများဖြစ်ပြီး နှစ်ဦးမှာ နိုင်ငံခြားသားများဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နောဟာရှီမန်အဗ္ဗဒူလာက ပြောသည်။

ရောဂါ သက်သာပြီးနောက် ဆေးရုံမှ ဆင်းရသူ ၁၄ ဦးတိုးလာသည့်အတွက် ဆေးရုံမှဆင်းသွားသူ အရေအတွက်မှာ ၈၃၀၈ ဦးအထိ ရှိလာပြီး ကူးစက်ခံရသူများ၏ ၉၆ ဒသမ ၄ ရာခိုင်နှုန်းမှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည်။

ကုသမှုခံယူနေသူ ၁၈၇ ဦးတွင် လူနာနှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်လာသလို နောက်တစ်ကြိမ် စီးပွားရေးအထိနာခဲ့ရတဲ့ အမေရိကန်

*ထွန်းသစ်စ*




ကယ်လီဖိုးနီးယားပြည်နယ် ဂလင်ဒါမြို့တွင် ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားသော နာမည်ကြီး ဒိုးနတ်ဆိုင်တစ်ဆိုင်။

အသစ်တစ်ဖန် ထပ်မံဖြစ်ပွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ်က စီးပွားရေးတိုးတက်မှုကို ကသောင်းကနင်းဖြစ်စေမယ်ဆိုပြီး စိုးရိမ်ပူပန်ကြောက်ရွံ့စိတ်တွေ ဖြစ်ပေါ်နေချိန်မှာ အလုပ်ပြုတ်သွားတဲ့ အလုပ်သမားသစ်တွေရဲ့ အကျိုးခံစားခွင့်တောင်းဆိုမှုတွေဟာ အမေရိကန်ပြည်ထောင်စုမှာ အရှိန်ကောင်းကောင်းနဲ့ ဆက်လက်မြင့်တက်နေဆဲပါ။

### အလုပ်လက်မဲ့နှုန်းတွေမြင့်တက်

ဇွန် ၂၅ ရက်က ထုတ်ပြန်လိုက်တဲ့ အလုပ်သမားဌာနရဲ့ သတင်းအချက်အလက်တွေအရ လွန်ခဲ့တဲ့ သီတင်းပတ်က အမေရိကန် ၁ ဒသမ ၄၈ သန်းဟာ အလုပ်လက်မဲ့ အကျိုးခံစားခွင့်တွေ တောင်းဆိုခဲ့ပါတယ်။ ဒါဟာ အရင်သီတင်းပတ်ထက် အလုပ်လက်မဲ့ဦးရေ ၆၀၀၀၀ လောက် မြင့်တက်လာခဲ့တယ်ဆိုတာကို ပြသနေပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်တွေမှာ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ပေးခဲ့တာတောင်မှ တချို့အလုပ်သမားတွေ အလုပ်မရကြဘဲ အလုပ်လက်မဲ့နှုန်းတွေ ဆက်လက်မြင့်တက်နေဆဲဖြစ်ပါတယ်။

ကုန်သွယ်ရေးဌာနရဲ့ သီးခြားထုတ်ပြန် ဖော်ပြလိုက်တဲ့ စာရင်းအချက်အလက်တွေအရ စက်ရုံတွေက ကုန်ထုတ်လုပ်မှုတွေ ပြန်လည်စတင်ခဲ့တဲ့အတွက် လွန်ခဲ့တဲ့လက ကုန်အမှာစာတွေ အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့တယ်လို့ သိရသော်လည်း ကိုရိုနာဗိုင်းရပ်စ်က ကမ္ဘာ့အကြီးဆုံး စီးပွားရေး အင်ပါယာကြီးကို ထပ်မံထိုးနှက်တိုက်ခိုက်ခဲ့ပါတယ်။ လေ့လာသုံးသပ်သူတွေကတော့ တိုးတက်မှုတွေ စတင်လာတဲ့အချိန်မှာ ကန့်သတ်ချက်တွေရှိနေတာက အန္တရာယ်ဖြစ်စေနိုင်တယ်လို့ သတိပေးထားပါတယ်။

### ပုံမှန်အခြေအနေပြန်ရောက်ဖို့မလွယ်

ကိုရိုနာဗိုင်းရပ်စ် တစ်ကျော့ပြန်လှိုင်းဂယက်ရိုက်ခတ်မှုကြောင့် အခုဆိုရင် စီးပွားရေးလုပ်ငန်းအများစုဟာ အရင်က မျှော်လင့်ထားသလို အရှိန်အဟုန်ကောင်းကောင်းနဲ့ ပြန်လည်လည်ပတ်ဖို့ မဖြစ်နိုင်တော့တဲ့အတွက် ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိဖို့ဆိုတာ မလွယ်တဲ့ ကိစ္စတစ်ခုလို့ သုံးသပ်ရမယ်လို့ ဘိုင်ပါတီဆန် မူဝါဒရေးရာဌာနက စီးပွားရေးမူဝါဒဆိုင်ရာ ညွှန်ကြားရေးမှူး ရှာအီအခါဘက်စ်က တွစ်တာမှာ ပြောကြားထားပါတယ်။

အမေရိကန်ပြည်ထောင်စုအတွင်း ကိုရိုနာဗိုင်းရပ်စ်ကို တားဆီးရန် ကန့်သတ်ပိတ်ဆို့မှုတွေ စတင်ပြုလုပ်ခဲ့ချိန်ကတည်းက အခုအချိန်အထိ အလုပ်မှ အနားရသူအရေအတွက်ဟာ ၄၇ ဒသမ ၂ သန်းထိ ရှိလာခဲ့တယ်လို့ နောက်ဆုံးကိန်းဂဏန်း ဖော်ပြချက်တွေအရ သိရပါတယ်။

### အကျိုးခံစားခွင့်လျှောက်ထားကြ

၂ ဒသမ ၂ ထရီလီယံတန်ဖိုးရှိ ကိုဗစ်-၁၉ ကူညီကယ်ဆယ်ရေးနှင့် စီးပွားရေးလုံခြုံမှု အက်ဥပဒေဟု အမည်ပေးထားသော ကူညီထောက်ပံ့ရေးအစီအစဉ်သို့ အကျိုးခံစားခွင့်လျှောက်ထားသူပေါင်းဟာ ၇၂၈၁၂၀ ရှိခဲ့ပါတယ်။ ဒီကူညီထောက်ပံ့ရေး အစီအစဉ်ဟာ ကွန်ထရက်တာတွေနဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်သူတွေအတွက် ခွင့်ပြုပေးထားတာဖြစ်ပြီး အလုပ်သမားတွေကတော့ ဒီအကျိုးခံစားခွင့်ကို လျှောက်ထားလို့ မရဘူးလို့ သိရပါတယ်။

ဇွန် ၁၃ ရက်မှာ အဆုံးသတ်ခဲ့တဲ့ တကယ့်ကို အကျိုးခံစားခွင့်ရရှိခဲ့တဲ့အလုပ်လက်မဲ့အရေအတွက်ဟာ ၁၃ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ အဲဒီပမာဏဟာ စီးပွားရေးပြန်ဖွင့်ရင် အလုပ်ပြန်ရမယ်လို့ မျှော်လင့်ထားတဲ့ အလုပ်သမားအရေအတွက်ရဲ့ ထက်ဝက် သာသာလောက်ပဲ ရှိပါတယ်။

စီးပွားရေး ပိတ်ဆို့လိုက်တာကြောင့် မတ်လနှောင်းပိုင်းမှာ အလုပ်လက်မဲ့နှုန်းတွေဟာ မြင့်တက်လာခဲ့ပါတယ်။ သို့သော်လည်း ကမ္ဘာ့စီးပွားရေးပျက်ကပ်မှာ ကြုံတွေ့ခဲ့တဲ့အထိတော့ မဆိုးရွားခဲ့ပါဘူး။ သို့သော်လည်း မေလထဲမှာတော့ အလုပ်လက်မဲ့အရေအတွက်ဟာ ၁၃ ဒသမ ၃ သန်းအထိ ရောက်ရှိလာခဲ့ပါတယ်။

### လုပ်သားအင်အားကို စီမံခန့်ခွဲနိုင်မှရမယ်

ရှေ့ဆက်ပြီး သီတင်းပတ်လေးပတ်ဆက်တိုက် ပျမ်းမျှ အကျိုးခံစားခွင့်တောင်းခံသူတွေဟာ ၁ ဒသမ ၇၈ မှ ၁ ဒသမ ၆၂ သန်းကြား ရှိနိုင်ကြောင်း အဆင့်မြင့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ ရူဘီလာဖာရိုးဂီက ပြောပါတယ်။ သို့သော်လည်း ကိုဗစ်- ၁၉ ကာလအတွင်း တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကြားမှာ လုပ်သားအင်အားကို ကုမ္ပဏီတွေအနေနဲ့ စီမံခန့်ခွဲမှု မလုပ်ဆောင်နိုင်ဘူးဆိုရင်တော့ အကျိုးခံစားခွင့်တောင်းခံသူတွေ ဒီထက်မြင့်တက်လာဖို့ရှိကြောင်း ဖာရိုးဂီက ဆက်လက်ပြောကြားထားပါတယ်။ ရှေ့ဆက်ပြီး သုံးပတ်ဆက်တိုက် အကျိုးခံစားခွင့်တောင်းဆိုမှုတွေ ကျဆင်းလာမယ်ဆိုရင်တော့ အလုပ်သမားငှားရမ်းမှုတွေ ပြန်လည်မြင့်တက်လာဦးမယ့် သဘောပါပဲလို့ သူက ဆက်ပြောပါတယ်။

> **“ဇွန် ၂၅ ရက်က ထုတ်ပြန်လိုက်တဲ့ အလုပ်သမားဌာနရဲ့ သတင်းအချက်အလက်တွေအရ လွန်ခဲ့တဲ့သီတင်းပတ်က အမေရိကန် ၁ ဒသမ ၄၈ သန်းဟာ အလုပ်လက်မဲ့ အကျိုးခံစားခွင့်တွေ တောင်းဆိုခဲ့ပါတယ်။ ဒါဟာ အရင်သီတင်းပတ်ထက် အလုပ်လက်မဲ့ဦးရေ ၆၀၀၀၀ လောက် မြင့်တက်လာခဲ့တယ်ဆိုတာကို ပြသနေ။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်တွေမှာ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ပေးခဲ့တာတောင်မှ တချို့အလုပ်သမားတွေ အလုပ်မရကြဘဲ အလုပ်လက်မဲ့နှုန်းတွေ ဆက်လက်မြင့်တက်နေဆဲဖြစ်”**

ဂရုစိုက်မှုအက်ဥပဒေလို့ အမည်ပေးထားတဲ့ ကူညီထောက်ပံ့ရေးအစီအစဉ်က ဖန်တီးပေးထားတဲ့ ဝန်ထမ်းလစာကာကွယ်မှုအစီအစဉ်က အလုပ်သမားများကို ချေးငွေပေးမည်ဖြစ်ပြီး အဲဒီချေးငွေဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် အလုပ်ဖြုတ်ခဲ့တဲ့ အလုပ်သမားတွေကို အလုပ်ရှင်က ပြန်လည်ငှားရမ်းလိုက်ပါက အလိုလိုကင်းလွတ်ပြီးသားဖြစ်မှာ ဖြစ်ပါတယ်။ သို့သော်လည်း အောက်စ်ဖို့ဒ်စီးပွားရေးပညာရှင်များက အဲဒီအခြေအနေဟာ အလုပ်လက်မဲ့နှုန်းကို ပိုဖြစ်စေကြောင်း ပြောလိုက်ပါတယ်။

### အောင်မြင်မှုမရရှိသေး

အမေရိကန်ပြည်ထောင်စုရဲ့ နေရာအတော်များများမှာ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာမှာ အောင်မြင်မှုမရရှိသေးသလို နောက်ကိုပဲ ရောက်နေပါတယ်။ ဇွန် ၂၄ ရက်တစ်ရက်တည်းကို ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူပေါင်းဟာ ၃၅၉၀၀ ဖြစ်ခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ အန္တရာယ် ထပ်မံမြင့်တက်လာတဲ့အတွက် လူတွေဟာ နောက်တစ်ကြိမ် စားသောက်ဆိုင်တွေ၊ ဈေးဝယ်ကုန်တိုက်တွေကို သွားလာခြင်း မပြုကြတော့ပါဘူးလို့ စီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ အီယန်ရှပ်ဟာဆန်က ပြောပါတယ်။

### တိုးတက်ရာကနေ ဆုတ်ယုတ်သွား

ကုန်ထုတ်လုပ်ရေးကဏ္ဍမှာတော့ ကုန်ထုတ်လုပ်မှု အချက်အလက်များဟာ အောက်လည်းမကျ၊ အပေါ်လည်းမတက်ဘဲ တစ်သမတ်တည်းလို တည်ငြိမ်လျက်ရှိပြီး ကြာရှည်ခံကုန်ပစ္စည်းတွေကတော့ မေလမှာ ၁၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၄ သန်း ရရှိခဲ့တယ်လို့ ကုန်သွယ်ရေးဌာနက ပြောပါတယ်။ ဒါဟာ ဧပြီလမှာ ဖြစ်ပေါ်နေတဲ့ အကျဘက်ကနေ ပြန်လည်မြင့်တက်လာခဲ့တာပဲ ဖြစ်ပါတယ်။ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ ဘိုးရင်းနဲ့ ကားထုတ်လုပ်ရေးကုမ္ပဏီ ဒက်ထရိုက်တို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပိတ်ထားတဲ့ စက်ရုံတွေ ပြန်လည်လည်ပတ်ပြီးနောက်မှာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အမှာစာတွေဟာ ၈၀ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

သို့သော်လည်း အခုတော့ အမေရိကန်ပြည်ထောင်စုမှာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု နောက်တစ်ကြိမ်ဖြစ်ပွားလာပြီး စက်ရုံတွေပိတ်လိုက်ရတဲ့အတွက် အခြေအနေတွေဟာ တိုးတက်ရာကနေပြီး ပြန်လည်ကျဆင်းလာမယ့်အရေးကို ရင်ဆိုင်နေရပါတယ်။ စာရင်းပိုင်းဆိုင်ရာ အချက်အလက်တွေအရ အရင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ဒီနှစ်မှာ အမှာစာတွေဟာ ၁၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ ဖာရိုဂီက ပြောကြားခဲ့ပါတယ်။ ကုန်သွယ်ရေးဌာနကလည်း စီးပွားရေးဟာ ပထမသုံးလပတ်မှာ ၅ ရာခိုင်နှုန်းလောက်ကျဆင်းခဲ့တယ်လို့ ပြောပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၆-၆-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၅၈) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၇-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦး ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၆-၆-၂၀၂၀) ရက်နေ့တွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၄၁) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၃)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၆၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၆၃)
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၉၁)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၇၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၇-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၉၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၈) ခု၊ စုစုပေါင်း (၁,၁၃၅)ခု

အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case- 217) တွေ့ရှိရသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၂၁၆) ဦးရှိပြီး ၎င်းတို့အနက် (၂၀၂) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၆-၆-၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီမှ (၂၇-၆-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၇) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၅) ခု |
| (၂၇-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၂) ခု |
| (၂၇-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၉၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၁၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

❄ *ကျောဖုံးမှ*

ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ယနေ့ ပဉ္စမမြောက် ခရီးစဉ်အပါအဝင် ကယ်ဆယ်ရေးလေယာဉ်များဖြင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၆၃၉ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၇**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**နေပြည်တော် ဇွန် ၂၇**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဇွန် ၂၂ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၃၃ မြို့နယ်ရှိ နေရာ ၆၃ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၅၀ နှင့် ပိုးသတ်ဆေးမှုန့် ၆ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၃ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၂၄ မြို့နယ်ရှိ နေရာ ၅၈ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၁ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၇ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း COVID–19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။




ဇွန် ၂၃ ရက်က ချင်းပြည်နယ် ဟားခါးမြို့ မြို့သစ်ရပ်ကွက် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးခွဲတွင် COVID–19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။

## "ကျန်းမာပျော်ရွှင် ပညာသင် ကြိုတင်တားဆီး ကိုဗစ်နိုင်တီး"ခေါင်းစဉ်ဖြင့် ပညာပေး စံပြကျောင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

ပညာရေးဝန်ကြီးဌာနနှင့် "စိုး"လျှပ်စစ်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် "ကျန်းမာပျော်ရွှင် ပညာသင် ကြိုတင်တားဆီး ကိုဗစ်နိုင်တီး"ခေါင်းစဉ်ဖြင့် ပညာပေး စံပြကျောင်းပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

ထိုသို့ ကျင်းပရာတွင် ပညာရေးဇုန်အလိုက် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၇ ခု (ရုံးခွဲများအပါအဝင်) စုစုပေါင်း ၁၈ ခုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)၌ အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ပြုလုပ်သောသတင်းစာရှင်းလင်းပွဲမှ သိရသည်။




ပြိုင်ပွဲတွင် ပညာရေးဇုန် အလိုက် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး /ပြည်နယ်တစ်ခုချင်းစီ၏ ကိုယ်စားပြု အခြေခံပညာအထက်တန်းကျောင်း ၁၈ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၁၈ ကျောင်း၊ ဘုန်းတော်ကြီးသင် အထက်တန်းဆင့်သင်ကျောင်း နှစ်ကျောင်း(မန္တလေး ဖောင်တော်ဦးနှင့် စစ်ကိုင်းအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပညာရေးစင်တာ) စုစုပေါင်း ၃၈ ကျောင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုသို့ယှဉ်ပြိုင်နိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာဦးစီးဌာနသို့ ဇွန်လတတိယပတ်က အကြောင်းကြားစာများ ပေးပို့ထားကြောင်း၊ ပညာရေးဇုန်များအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက ယှဉ်ပြိုင်ခွင့်ရရှိမည့် ကျောင်းများကို ရွေးချယ်ကာ သတ်မှတ်စည်းကမ်းချက်များအတိုင်း ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ယှဉ်ပြိုင်ရာတွင် ကျောင်းများအနေဖြင့် ပညာသင်ကြားရေးကာလအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ မိမိတို့ကျောင်း၏ ပညာသင်ကြားရေးနည်းစနစ်များနှင့် ကြိုတင်ပြင်ဆင် ထားမှုအပိုင်းတို့ကို ပေါ်လွင်အောင်ရိုက်ပြထားသည့် ဗီဒီယိုဖိုင်တစ်ဖိုင်၊ ဓာတ်ပုံ ၁၀ ပုံ နှင့် စာလုံးရေ ၅၀၀ ခန့်ပါဝင်သည့် အစီရင်ခံစာတစ်စောင်တို့ကို ဇူလိုင် ၁၀ ရက် နောက်ဆုံးထား၍ပေးပို့ကာ ပါဝင်ယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်ဖြစ်သူ စာရေးဆရာထင်လင်းဦး((Wisdom Villa)က "အခြေခံပညာအထက်တန်းကျောင်းတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေကိုတော့ ပြိုင်ပွဲဝင်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေလုပ်နိုင်ဖို့ ကျောင်းတစ်ကျောင်းကို ငွေကျပ်သုံးသိန်းစီ ကော်မတီအနေနဲ့ ထောက်ပံ့ပေးသွားမယ်။ ကိုယ်ပိုင်ကျောင်းတွေကိုတော့ မပေးပါဘူး။ ဆုရွေးချယ်ရာမှာလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်တွေပါဝင်တဲ့ ဆုရွေးချယ်ရေးဆပ်ကော်မတီက ရွေးချယ်ချီးမြှင့်သွားမှာပါ။ ဆုရရှိတဲ့ကျောင်းတွေရဲ့ ဗီဒီယိုဖိုင်တွေကိုလည်း သတင်းမီဒီယာနဲ့ ရုပ်မြင်သံကြားတွေမှာ ထုတ်လွှင့်ပြသပေးသွားနိုင်ဖို့အတွက်လည်း စီစဉ်ထားပါတယ်" ဟု ပြောသည်။

ဆုချီးမြှင့်မှုအနေဖြင့် ယှဉ်ပြိုင်သည့် အမျိုးအစားတစ်ခုချင်းစီ၏ ပထမ၊ ဒုတိယနှင့် တတိယဆုတို့အပြင် တက်ကြွလှုပ်ရှားမှု အထူးဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာဆုရကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရန်ရည်ရွယ်ကာ ပထမဆုအား ကျပ်သိန်း ၅၀၊ ဒုတိယဆုအား ကျပ်သိန်း ၃၀၊ တတိယဆုအား ကျပ်သိန်း ၂၀ နှင့် တက်ကြွလှုပ်ရှားမှု အထူးဆုအား ကျပ် ၂၅ သိန်းချီးမြှင့်သွားရန် သတ်မှတ်စီစဉ်ထားကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းများအားလုံး ကိုဗစ်-၁၉ ရောဂါဘေးအန္တရာယ်ကို စနစ်တကျ ကြိုတင်ကာကွယ်နိုင်ပြီး ဘေးကင်းလုံခြုံ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများအားလုံး ကြိုတင်ကာကွယ်တားဆီးရမည့် နည်းစနစ်များကို အသေးစိတ် နားလည်လိုက်နာကျင့်သုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်ခြင်းမှသည် မိသားစုပတ်ဝန်းကျင်ကိုပါ ကာကွယ်ခြင်းဖြစ်ကြောင်း သိရှိစေရန် ဘေးကင်းလုံခြုံ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနိုင်ရေးအတွက် ကျန်းမာရေးသည် အရေးကြီးကြောင်း သတိပြုမိပြီး လိုက်နာကျင့်သုံးတတ်စေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်။

**ဇော်ကြီး ၊ ဓာတ်ပုံ-အောင်မြင့်(ပြန်/ဆက်)**

## မြဝတီအမှတ် (၂ )ချစ်ကြည်ရေးတံတားမှ ဇွန် ၂၇ ရက်က မြန်မာရွှေ့ပြောင်းလုပ်သား ၆၃၄ ဦး ဆက်လက်ဝင်ရောက်



**မြဝတီ ဇွန် ၂၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၃၄ ဦး ဇွန် ၂၇ ရက်က မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်များရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည် ဝင်ရောက်သူများ ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်သူများ အနေဖြင့် မေ ၁ ရက်မှစတင်ကာ ဇွန် ၂၇ ရက်အထိ ၃၅၅၇၉ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဇွန် ၂၇ ရက်က ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၈၁ ဦး၊ အမျိုးသမီး ၂၅၃ ဦး စုစုပေါင်း ၆၃၄ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၁၆၉၂ | ၂၉၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၁၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၈၇၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၀၂ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၃ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၂၇-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၅၄၄၈ | ၁၀၆၈၈၆၈ | ၁၂၇၆၇၃ |
| ၂။ | ဘရာဇီး | ၁၂၈၀၀၅၄ | ၆၉၇၅၂၆ | ၅၆၁၀၉ |
| ၃။ | ရုရှား | ၆၂၇၆၄၆ | ၃၉၃၃၅၂ | ၈၉၆၉ |
| ၄။ | အိန္ဒိယ | ၅၁၅၉၂၂ | ၃၀၀၆၄၈ | ၁၅၈၁၄ |
| ၅။ | ဗြိတိန် | ၃၀၉၃၆၀ | စိစစ်ဆဲ | ၄၃၄၁၄ |
| ၆။ | စပိန် | ၂၉၄၉၈၅ | စိစစ်ဆဲ | ၂၈၃၃၈ |
| ၇။ | ပီရူး | ၂၇၂၃၆၄ | ၁၅၉၈၀၆ | ၈၉၃၉ |
| ၈။ | ချီလီ | ၂၆၃၃၆၀ | ၂၂၃၄၃၁ | ၅၀၆၈ |
| ၉။ | အီတလီ | ၂၃၉၉၆၁ | ၁၈၇၆၁၅ | ၃၄၇၀၈ |
| ၁၀။ | အီရန် | ၂၂၀၁၈၀ | ၁၈၀၆၆၁ | ၁၀၃၆၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇- ၆ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၂၈၁၂ | ၂၁၉၀၉ | ၂၇၂၀ |
| စင်ကာပူ | ၄၃၂၄၆ | ၃၆၈၂၅ | ၂၆ |
| ဖိလစ်ပိုင် | ၃၄၈၀၃ | ၉၄၃၀ | ၁၂၃၆ |
| မလေးရှား | ၈၆၁၆ | ၈၃၀၈ | ၁၂၁ |
| ထိုင်း | ၃၁၆၂ | ၃၀၅၃ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၀ | ၀ |
| မြန်မာ | ၂၉၃ | ၂၁၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၃၉ | ၁၂၉ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်း ပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေး ရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပုဇွန်တောင်မြို့နယ် လမ်း ၅၀ Bachelor မိသားစုက တတိယအကြိမ် အခြေခံစားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၀) ရပ်ကွက် လမ်း ၅၀ Bachelor မိသားစုများက ပုဇွန်တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းဥယျာဉ်ဌာန၊ သန့်ရှင်းရေးဌာန၊ မြို့နယ် ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့၊ တိုင်းအရန်ရဲရိပ်သာကင်းအဖွဲ့တို့မှ ဝန်ထမ်းမိသားစုများ၊ အငှားယာဉ်မောင်းများ၊ အနေ့းယာဉ်လုပ်သားများနှင့် အခြေခံလူတန်းစားများအား ကိုဗစ်-၁၉ ကာလအတွင်း ကူညီထောက်ပံ့ခြင်း အစီအစဉ်အဖြစ် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာများကို တတိယအကြိမ်အဖြစ် ယနေ့ ညနေပိုင်းတွင် လမ်း ၅၀ ထိပ်၌ လှူဒါန်းခဲ့သည်။



လှူဒါန်းပွဲတွင် ဦးဆောင်လှူဒါန်းသူ ဦးစိုးမြင့်က "ကိုဗစ်ကာလမတိုင်ခင်ကတည်းက ရပ်ကွက်အတွင်းမှာ အလှူရှင်တွေ စုပေါင်းပြီးတော့ လစဉ်စတုဒိသာ အကျွေးအမွေးများ လှူဒါန်းခဲ့ပါတယ်။ အခု ကိုဗစ်ကာလမှာလည်း မေ ၂၃ ရက်က အခြေခံစားသောက်ကုန်များကို ပထမအကြိမ် လှူဒါန်းပြီး ဒုတိယအကြိမ်ကို ဇွန် ၇ ရက်က လှူဒါန်းခဲ့ပါတယ်။ အခုလှူတာက တတိယအကြိမ်ပါ။ အခုလို မိုးထဲရေထဲမှာ လှူဒါန်းရပေမယ့်လည်း ကျွန်တော်တို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်ထပ်လှူဒါန်းသွားဖို့ အစီအစဉ်လည်း ရှိပါတယ်" ဟု ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ– ဥမ္မာရီရီ**




## မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၅၃၈ သိန်းကို အိမ်တိုင်ရာရောက်ထုတ်ချေးပေး

**ဘီးလင်း ဇွန် ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကို ဘီးလင်းမြို့နယ် ကျိုက်တဲကျေးရွာ၌ ဇွန် ၂၆ ရက်က သတ္တမအကြိမ်မြောက် ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့် ကျေးရွာကော်မတီအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သက်မွေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၇၅ ဦးတို့ကို ငွေကျပ် ၅၃၈ သိန်းတိတိအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ အိမ်တိုင်ရာရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ အလွန်တွင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၌ ကျောက်ကပ်ဆေးသည့်ဝန်ဆောင်မှု စတင်နိုင်မည်

**အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သည် နိုင်ငံတစ်ဝန်းမှ စက်ရုံ၊ အလုပ်ရုံများနှင့် အစိုးရဝန်ထမ်းများ၏ ကျန်းမာရေးပိုင်းဆိုင်ရာ မှီခိုအားထားပြုရသော ဆေးရုံကြီးဖြစ်သည်။ ဆေးရုံကြီးသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကြီးကြပ်ကိုင်တွယ်မှုဖြင့် သက်ဝင်လှုပ်ရှားနေခြင်းဖြစ်သည်။ အလုပ်သမားများအား ကျန်းမာရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးသော မြန်မာနိုင်ငံ၏ ပထမဆုံးဆေးရုံကြီးလည်းဖြစ်သည်။ ယင်းသို့ ဝန်ထမ်းနှင့် အလုပ်သမားအများစု၏ ကျန်းမာရေးပိုင်းဆိုင်ရာ အားထားပြုရာ အဆိုပါဆေးရုံကြီးတွင် ကိုဗစ်-၁၉ မတိုင်မီ ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့မှုများနှင့် လတ်တလော စောင့်ရှောက်မှုပေးနေသော အခြေအနေများနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာ ယဉ်ယဉ်ထွေးအား မြန်မာ့အလင်းသတင်းအဖွဲ့မှ သွားရောက်မေးမြန်းခဲ့သည်။**



ဆေးရုံအုပ်ကြီး ဒေါက်တာ ယဉ်ယဉ်ထွေး

**မေး။ ။ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှာ လတ်တလော ကိုဗစ် – ၁၉ ကာလအတွင်း ဘယ်လို ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးနေလဲ သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရယ်လို့ စကြားကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့အညီ စတင်လုပ်ဆောင်ခဲ့ပါတယ်။ အထူးသဖြင့် ဆေးရုံကြီးရဲ့ အပေါ်ဆုံးထပ်ကို သီးသန့်ပြင်ဆင်ပြီး သံသယ လူနာတွေကို စစ်ဆေးကုသပေးခဲ့ပါတယ်။ ဒီမှာ သွေးချောစစ်ဆေး၊ နှာခေါင်း၊ အာခေါင်တို့ဖတ်တွေယူပြီး ဆေးသုတေသနဦးစီးဌာနကို သွားစစ်ဆေးတာပါ။ ခုဆိုရင် စစ်ဆေးခဲ့တာ စုစုပေါင်း ၁၂ ဦးရှိပါပြီ။ တစ်ဦးတစ်ယောက်မှတော့ ကိုဗစ်–၁၉ ပိုးမတွေ့ရှိသေးပါဘူး။ ဒီဆေးရုံကြီးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံကအစ လုံလုံလောက်လောက် ထောက်ပံ့ထားတော့ လိုအပ်မှု၊ အဆင်မပြေမှုဆိုတာ မရှိပါဘူး။ ခုချိန်ထိ အားလုံးအဆင်ပြေပါတယ်။

**မေး။ ။ လတ်တလော ဆေးရုံမှာ လူနာတွေ တက်ရောက် ကုသမှုခံယူနေတာတွေ့ရပါတယ်။ ဘယ်လို ကျန်းမာရေးဝန်ဆောင်မှုတွေပေးနေတယ်ဆိုတာ ဖြေကြားပေးပါဦး။**

ဖြေ။ ။ ဒီဆေးရုံကြီးမှာ အထွေထွေရောဂါဌာန၊ သားဖွားနှင့် မီးယပ်ဌာန၊ အရိုးနှင့် ထိခိုက်ဒဏ်ရာဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာန၊ မျက်စိဌာန၊ ခွဲစိတ်အထူးကုဌာနဆိုပြီး ဌာနတွေမှာ အထူးကုဆရာဝန်ကြီးတွေက နေ့စဉ်သတ်မှတ်ထားတဲ့အချိန်မှာ ကုသဝန်ဆောင်မှုပေးပါတယ်။ လိုအပ်ရင် လိုအပ်သလို ဒီမှာပဲ ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အဆင်မပြေမှသာ သင့်လျော်တဲ့နေရာကို လမ်းညွှန်မှုပေးတာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒီမှာ ကုသမှုမခံယူရရင်လည်း ကုန်ကျစရိတ်တွေကိုတော့ ပြန်ပြီးထုတ်ပေးပါတယ်။ ဆေးဆိုလည်း ခုဆိုရင် ရာနှုန်းပြည့်နီးပါး ထောက်ပံ့ပေးနိုင်ပါပြီ။ အရင်နဲ့တော့ အတော်လေး ကွာသွားပါပြီ။

**မေး။ ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ/စက်ပစ္စည်းကိရိယာပိုင်းဆိုင်ရာလည်း တိုးတက်မှုရှိတယ်လို့ သိရတယ်။ ဘယ်လိုအပိုင်းတွေ ပြောင်းလဲတိုးတက်လာပါသလဲ ခင်ဗျ။**

ဖြေ။ ။ CT စက်တွေ တပ်ဆင်ပေးနိုင်တယ်။ ဓာတ်မှန်ဆိုလည်း ဒစ်ဂျစ်တယ် အိတ်စ်ရေးတွေ လုပ်ပေးထားတယ်။ ခုဆိုရင် ကျောက်ကပ်ဆေးတဲ့စက်ကအစ ဒီမှာရှိနေပါပြီ။ ကျောက်ကပ်ဆေးဖို့ရာ အဆင်သင့်ဖြစ်နေပါပြီ။ တကယ်ဆိုရင် ကိုဗစ်– ၁၉ မဖြစ်ခဲ့ရင် ခုချိန်မှာ ကျောက်ကပ် စတင်ဆေးပေးနေပါပြီ။ မေလကတည်းက စဖို့ပဲ။ ကိုဗစ်– ၁၉ ကြောင့် နေရာနည်းနေတော့ မစဖြစ်သေးတာပါ။ တကယ်လို့ ဆေးမယ်ဆိုရင်တော့ တစ်နေ့ကို လူနှစ်ဦးနှုန်းနဲ့ ရုံးဖွင့်ရက်မပါ တစ်လကို လူ ၃၀ လောက် ဆေးဖြစ်မှာပါ။ ကျောက်ကပ်စဆေးဖြစ်မယ်ဆိုရင် ခုဒီဆေးရုံကြီးမှာ လတ်တလောစာရင်းအရ ၂၄ ဦး ရှိတယ်။



အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာန၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

**မေး။ ။ အရင်နဲ့တော့ အတော်လေးကွာသွားတယ် ဆိုတော့ ပြောင်းလဲလာတဲ့ အပိုင်းလေးတွေရှိရင် ရှင်းပြပေးပါဦး။**

ဖြေ။ ။ ပြောင်းလဲလာတဲ့အပိုင်းတွေက ပြောမယ်ဆိုရင်တော့ များပါတယ်။ ခုဆိုရင် ဆေးရုံကြီး သက်တမ်းကလည်း နှစ် ၆၀ ဝန်းကျင်ရှိပြီဆိုတော့ ကုသခံယူမှုပိုင်းမှာလည်း တစ်နှစ်နဲ့တစ်နှစ် မတူဘဲ ပိုများလာပါတယ်။ ဆေးဝါးထောက်ပံ့ပေးမှုအပိုင်းမှာလည်း သိသိသာသာ ဝန်ဆောင်မှုပေးနိုင်ခဲ့တယ်။ အရင်နဲ့စာရင် ရာနှုန်းပြည့်နီးပါး လူနာတွေလိုအပ်တဲ့ ဆေးဝါးတွေကို ထုတ်ပေးနိုင်ခဲ့တယ်။ တကယ်လို့ ဒီဆေးရုံကြီးမှာ ဆေးပြတ်နေတာတို့၊ မရှိတာတို့ဆိုရင်လည်း အပြင်ဆေးဆိုင်တွေက ဝယ်ယူသုံးစွဲခွင့်ပြုထားတယ်။ အဲဒီလို ဝယ်ယူတဲ့ အခါမှာ ကုန်ကျခဲ့တဲ့ ဆေးဖိုးငွေကို ပြန်တင်ရင် ထုတ်ပေးပါတယ်။ ပြန်ထုတ်ပေးတဲ့အခါမှာ ကျပ်ခြောက်သောင်းအထိကိုတော့ ဒီဆေးရုံအုပ်ရဲ့ ခွင့်ပြုချက်နဲ့ပဲ ရက်ပိုင်းအတွင်း ပြန်ထုတ်ပေးပြီး ခြောက်သောင်းထက်ကျော်ရင်တော့ နေပြည်တော် လှမ်းတင်ပေးရပါတယ်။ အလားတူ ဆေးပေးတဲ့အခါမှာလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းဆို တစ်လစာအထိပေးပြီး နယ်ဝေးဒေသတွေဆို သုံးလစာ အထိ တိုးထုတ်ပေးထားပါတယ်။ လူနာရှင်တွေ အနေနဲ့ ဒီဆေးရုံနဲ့သက်ဆိုင်တဲ့ လူမှုဖူလုံရေးကတ်ပါလာဖို့ အဓိကလိုအပ်တာပါ။

**မေး။ ။ ခုနောက်ပိုင်း ဆေးရုံကို လာရောက်ကုသသူတွေ များလာတယ်လို့ သိရပါတယ်။ ဘယ်လိုရောဂါဖြစ်တဲ့သူတွေ လာရောက်ကုသမှု ပိုများလာပါသလဲ။**

ဖြေ။ ။ ခုနောက်ပိုင်း လာရောက်ကုသသူ အများဆုံးကတော့ ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ အသည်းနဲ့ အသည်းပိုင်းဆိုင်ရာရောဂါတွေ။ ခွဲစိတ်ဌာနဘက်မှာဆိုရင် လိပ်ခေါင်းနဲ့ အစာအိမ်ပိုင်းဆိုင်ရာရောဂါတွေ များလာပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်ကဆို ပြင်ပလူနာဌာနမှာ ငါးသောင်းခွဲနီးပါး၊ ဆေးရုံတက်ရောက်ကုသတာက ၄၀၀၀ နီးပါးနဲ့ ခွဲစိတ်လူနာဆိုရင် ၃၅၀၀ ကျော်အထိ ကုသပေးခဲ့ရတယ်။ တစ်နှစ်ထက်တစ်နှစ် လူနာအရေအတွက်က ပိုပိုများလာတာကို တွေ့ရပါတယ်။

**မေး။ ။ ဒီအလုပ်သမားဆေးရုံကြီးမှာ ဆရာဝန်၊ သူနာပြုနဲ့ ဝန်ထမ်းလိုအပ်ချက်တွေ ရှိနေတယ်လို့ ကြားသိရပါတယ်။ အဲဒီအပိုင်းကိုလည်း ဖြေကြားပေးပါဦး။**

ဖြေ။ ။ ဒီအလုပ်သမားဆေးရုံ စဖွင့်တုန်းက ခုတင် ၂၀၀ ဆံ့ပါ။ ၁၉၉၉ ခုနှစ်မှာ ခုတင် ၅၀ ထပ်ပြီး တိုးပါတယ်။ လတ်တလော ဝန်ဆောင်မှုပေးနေရတဲ့ ဝန်ထမ်းပိုင်းနဲ့ ပြောရရင်တော့ အထူးကုဆရာဝန်ကြီးအပိုင်းက လိုအပ်ချက်မရှိပေမယ့် လက်ထောက်ဆရာဝန်ပိုင်း၊ အကူသူနာပြု၊ စီမံဝန်ထမ်းပိုင်းဆိုင်ရာနဲ့ အောက်ခြေဝန်ထမ်းပိုင်းကအစ လိုအပ်ချက်ကတော့ အတော်လေးကို ရှိနေတာပါ။ ခုလက်ရှိ ဝန်ဆောင်မှုပေးနေရတာ ခုတင် ၂၅၀ ကျော် ကို ခုတင် ၁၀၀ ဆံ့ ဝန်ထမ်းလောက်နဲ့ ပေးနေရတော့ HR ပိုင်းဆိုင်ရာက လိုအပ်ချက် အတော်ရှိနေတာပါ။

**မေး။ ။ လူနာတွေရဲ့ ဆေးဖိုးကုန်ကျငွေကို ပြန်ထုတ်ပေးတယ်ဆိုတော့ ပြီးခဲ့တဲ့နှစ်က ဘယ်လောက်အထိ ထုတ်ပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အလုပ်သမားဆေးရုံကြီးအနေနဲ့ ဆေးထောက်ပံ့ပေးမှု၊ ပြင်ပဆေးဖိုးငွေ ပြန်လည်ထုတ်ပေးနိုင်မှုတွေက ခုနောက်ပိုင်း တော်တော်လေးကို ဆောင်ရွက်ပေးနိုင်တယ်လို့ ပြောလို့ရပါတယ်။ ဥပမာ လူနာတစ်ဦး တစ်နေ့ ကျွေးစရိတ်ဆိုရင်လည်း ကျပ် ၁၂၀၀ နှုန်းအထိ ရှိလာပြီး အသား၊ ငါးကအစ အလဲအလှယ် ကျွေးနိုင်ခဲ့တယ်။ ဒီအလုပ်သမားဆေးရုံကြီးအနေနဲ့ အခြားအထွေထွေကုန်ကျငွေမပါဘဲ ပြင်ပဆေးဖိုး ပြန်အမ်းငွေက ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်အတွင်းမှာ ကျပ်သိန်းပေါင်း ၅၀၀၀ နီးပါး ပြန်ထုတ်ပေးနိုင်ခဲ့ပါတယ်။

အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သည် ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး အလုပ်သမားဆေးရုံကြီးဖြစ်ကာ နောက်ထပ်ဖွင့်လှစ်သည့်ဆေးရုံများမှာ အလုပ်သမားဆေးရုံ (မန္တလေး)၊ အလုပ်သမားဆေးရုံ(ထန်းတပင်)တို့ ဖြစ်သည်။ အလုပ်သမားဆေးရုံကြီး၌ အလုပ်သမားလူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်(စမတ်ကတ်)ရှိပြီး အလုပ်သမားတိုင်း ကျန်းမာရေးအတွက် လာရောက်ပြသနိုင်ပြီး ငွေကုန်ကြေးကျမရှိဘဲ ယုံကြည်အားကိုးစွာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း–မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ– မင်းထက်**

## မြဝတီမြို့နယ် တာနောထကျေးရွာအဝင် ၁၄၅ ပေ သံကူကွန်ကရစ်တံတား ၁၀၀ ရာခိုင်နှုန်းပြီးစီး

**မြဝတီ ဇွန် ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် စုကလိမြို့ တာအုပ်ကျေးရွာအုပ်စု တာနောထ ကျေးရွာအဝင် ၁၄၅ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်လျက်ရှိရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည့် အတွက် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူလျက်ရှိသည်။

တံတားတည်ဆောက်ပြီးစီးသည့် အခြေအနေကို ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူး၊ မြဝတီမြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇော၊ ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးကောင်းမြတ်ထွဋ်နှင့် တာဝန်ရှိသူများသည် ဇွန် ၂၅ ရက်က သွားရောက်စစ်ဆေးသည်။



တာနောထ ကျေးရွာအဝင် ကွန်ကရစ်တံတားမှာ မြဝတီမြို့မှ ကရင်ပြည်နယ်တွင် အမြင့်ဆုံးတောင်ဖြစ်သည့် မုလအိတောင်ပေါ်တွင် တည်ထားသည့် သမိုင်းဝင်မုလအိဆံတော်ရှင်ဘုရားကို ဆက်သွယ်ထားသော လမ်းပေါ်၌ရှိပြီး ယခင်နှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့်ပင် မြဝတီ-စုကလိလမ်းမှ တာနောထကျေးရွာသို့ ဆက်သွယ်သောလမ်းကို ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် တစ်မိုင် ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ဒုံဟီးမြို့ ချောင်းဆုံ-ကကြီးချမ်းမြူကျေးရွာကြား ပေ ၁၈၀ ဘေလီတံတားတည်ဆောက်လျက်ရှိ

**ဒုံဟီး ဇွန် ၂၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဒုံဟီးမြို့ ချောင်းဆုံ-ကကြီးချမ်းမြူ ကျေးရွာကြား ပေ ၁၈၀ နှစ်လွှာတစ်ထပ် အကျယ် ၁၄ ပေ ရှိသော ဘေလီတံတားကို စတုတ္ထအကြိမ် အိန္ဒိယ အထောက်အပံ့ဖြင့် ငွေကျပ် ၄၅၁ ဒသမ ၃၈၁ သန်းဖြင့် တည်ဆောက်လျက်ရှိကြောင်း နယ်စပ်ရေးရာ ဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်ထံမှ သိရသည်။

အဆိုပါတံတား တည်ဆောက်မှုအနေဖြင့် ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ချန်ဖန်းအုပ်စု၊ ကကြီးချမ်းမြူအုပ်စု၊ ဟပေါင်အုပ်စု၊ ကော်လန်းအုပ်စု၊ ဟချွန်းဆာအုပ်စု၊ ရန်နောဆန်ရီအုပ်စု၊ ကဲဆန် ဘောက်လွန်းအုပ်စု၊ ဟရိုတ်နတ်ညိုအုပ်စုနှင့် ကဲဆန်ဆာလင်အုပ်စု စသည့် ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၁၈ ရွာနှင့် ဒုံဟီးမြို့ပေါ်မှ ရပ်ကွက်သုံးခု၊ အိမ်ခြေ ၁၅၅၀၊ လူဦးရေ ၁၀၃၃၄ ဦးတို့ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ခေတ္တနာဂဒေဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းက ပြောကြားသည်။

မွေးကြူဇင်




## ပခုက္ကူစာပေဆုရ ထာဝရလန်းဆန်းမညှိုးပန်းကဗျာများစာအုပ် ဖြန့်ချိ




ရန်ကုန် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် မောင်ကြည်ဇော်(စာဂ)၏ "ထာဝရလန်းဆန်း မညှိုးပန်းကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၆၄ ပုဒ် ပါဝင်ပြီး မြန်မာ ကဗျာစပ်ထုံး စပ်နည်းနှင့်အညီ ဖွဲ့ဆိုထားသည့်အပြင် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းတို့နှင့် ယှဉ်စပ်၍ သင်ခန်းစာရဖွယ်များ၊ စံပြုအတုယူဖွယ်များ၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေသင်္ဂဟအချင်းချင်းထားရှိအပ်သည့် မေတ္တာတရား၊ သစ္စာစောင့်သိမှုများနှင့် ကျေးလက်အလှသဘာဝပုံရိပ်များကိုလည်း စာပန်းချီခြယ်မှုန်းသီကုံးဖွဲ့ဆိုထားသော ကဗျာစာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ငွေကျပ် ၁၀၀၀ ဖြင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## မြန်မာ့စီးပွားရေးမြင်ကွင်း အကျဉ်းအကျယ် စာအုပ်ထွက်ရှိ





ရန်ကုန် ဇွန် ၂၆

စာရေးဆရာစောနိုင် (အသုံးချဘောဂဗေဒ) ရေးသားသည့် မြန်မာ့စီးပွားရေးမြင်ကွင်း အကျဉ်းအကျယ် စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ၂၀၁၃-၂၀၁၉ အတွင်း မြန်မာ့စီးပွားရေးနှင့်ပတ်သက်၍ စာရေးဆရာ၏ ရှုမြင်သုံးသပ်ချက် တွေ့ကြုံခံစားမှုများကို ရေးသားထားသည်။

အဆိုပါ စာအုပ်တွင် ဗဟိုဘဏ်၊ကျပ်ငွေ၊ ဒေါ်လာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်၊ အာရှအိမ်နီးချင်း၊ အခြေခံလူတန်းစား သောက၊ ပြည်သူ့နှလုံးသား စိတ်ကူးမျှော်လင့်ချက်၊ သီအိုရီသဘောတရား၊ အယူအဆစသည့် ကဏ္ဍခွဲများဖြင့် စိတ်ဝင်စားဖွယ်ရေးသားထားသည်။

## ရဲတင့်ဘာသာပြန်သော မီဒီယာနိုင်ငံရေးစာအုပ်ဖြန့်ချိ




ရန်ကုန် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ရဲတင့် ဘာသာပြန်သည့် "မီဒီယာနိုင်ငံရေး" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ယင်းစာအုပ်သည် နိုင်ငံရေးလှုပ်ရှားမှုများတွင် မီဒီယာကဏ္ဍ၏ အရေးပါမှုကို နိုင်ငံရေးပညာရှင်များကပြောသည့် သီအိုရီများ၊ နိုင်ငံတကာဖြစ်ရပ်များဖြင့် ရေးသားဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ နိုင်ငံရေးသတင်း၊ နိုင်ငံရေး ဘက်လိုက်မှု၊ လူထုဆက်သွယ်ရေးမီဒီယာနှင့် နိုင်ငံရေး၊ မီဒီယာ၏ အကျိုးသက်ရောက်မှု၊ နိုင်ငံတော်ထိန်းချုပ်မှုနှင့် နိုင်ငံတော်ဝါဒဖြန့်မှု၊ လွတ်လပ်သော စာနယ်ဇင်းဒီမိုကရေစီနှင့် မီဒီယာစသည့်အကြောင်းရပ်များ အပါအဝင် အခန်းရှစ်ခန်း ပါဝင်သည်။

အမေရိကန်စာရေးဆရာ John Street ရေးသားသည့် "Mass Media, Politics and Democracy" စာအုပ်အတွင်းမှ လူထုဆက်သွယ်ရေးနှင့် မီဒီယာဆိုင်ရာ အကြောင်းရပ်အချို့ကို အမျိုးသားစာပေဆုရ စာရေးဆရာ သတင်းစာဆရာကြီး ရဲတင့်က ရွေးချယ်ကောက်နုတ်ဘာသာပြန်ဆိုပြီး စာအုပ်တစ်အုပ်လျှင် ငွေကျပ် ၁၂၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်သည်။

သတင်းစဉ်





မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၀ | ကျပ် | ၅၆၅/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၀၀ | ကျပ် | ၅၈၀/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၃၀ | ကျပ် | ၅၄၀/၅၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၃၀ | ကျပ် | ၆၆၅/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)


**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၁ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၉ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၆ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၇၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၉၄၃ |


(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)


**စတော့အိတ်ချိန်းဈေးကွက်**


| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၁၂၉ | ၁၁၈၆၆၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၃၁၁၇ | ၁၁၈၄၅၇၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၄၂၃ | ၉၅၁၇၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄ | ၁၁၂၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၅ | ၁၃၅၀၀ |



HTOO








ခိုင်ဝေ့ဘာဖြစ်နေတာလဲ
ငါ့ခွေးဖြူလေးပျောက်နေလို့ပါ၊
သူကရေချိုးအင်မတန်ပျင်းတယ်၊
ရေမချိုးဘူးနော်
မေမေရေချိုးပေးမယ်ဆိုတာနဲ့ ပျောက်သွားတာပဲ၊
ဟေ့ ထွက်ရှာကြမယ်၊
အလို - အာချစ် မိုးရွာထဲထွက်ဆော့နေပါလား၊
မေမေရေချိုးပေးရသက်သာအောင်၊ ကျွိပင့်ဟာကို မိုးရေချိုးနေတာလေ၊


ဟင်...
အဲဒီမှာထိုင်လို့မရဘူးလေ...ဖေဖေ...
ဒီဘက်ကိုလာပါဖေဖေရဲ့...
အင့်...ဖေဖေက ဒီမှာထိုင်...
မေမေကတော့အဲဒီမှာပဲ ထိုင်နော်...
ဘာ...ဘာဖြစ်လို့လဲ...သားရဲ့...
"လက်တွေ့ဘဝမှာခပ်ခွာခွာနေကြရမယ်လေ
ဖေဖေနဲ့မေမေရဲ့။ ကော်ဗစ်"ကိုဗစ်" နဲ့တွေ့နေမှဖြင့်..."


## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတို့ အိပ်ရာဝင်ပုံပြင်ထဲက ရေသူမတွေ တကယ်ရှိသလား

ကေ - ဂျူဝယ်လ်

**ပင်လယ်ကြီးထဲက ကျောက်ဆောင်တွေပေါ်မှာ ရွှေရောင်ဆံပင်တွေနဲ့ ရောင်စုံတလက်လက်တောက်ပနေတဲ့ အမြီးပိုင်ရှင် ရေသူမတွေကို ကလေးတို့ သိကြသလား။ ကာတွန်းနဲ့ ပုံပြင်တွေထဲက ရေသူမလေးတွေက သိပ်ကိုလှပပြီး ချစ်စရာကောင်းတာပေါ့။ ဆံပင်ရှည်တွေက သူတို့ခန္ဓာကိုယ်အပေါ်ပိုင်းကို ဖုံးအုပ်ထားသတဲ့။ လူတစ်ပိုင်း ငါးတစ်ပိုင်းနဲ့ ရေသူမတွေဟာ ပုံပြင်တွေထဲမှာ သိပ်ကိုသီချင်းဆိုကောင်းကြသတဲ့။ ဒါဆို ရေသူမလေးတွေ တကယ်ရောရှိသလားဆိုတာ သိချင်သွားကြပြီမဟုတ်လား။**

ပင်လယ်တွေထဲက ယုံတမ်းပုံပြင်တွေထဲမှာတော့ ရေသူမက သိပ်ကိုလှပပြီး ရက်စက်တယ်ဆိုပြီး ပြောကြတာပေါ့ကွယ်။ ရေသူမပုံပြင်တွေဟာ ဟိုးနှစ်ပေါင်းများစွာကတည်းက ပေါ်လာခဲ့တာပါ။ ပင်လယ်သမုဒ္ဒရာတွေထဲမှာ




သူတို့တွေ နေထိုင်ကျက်စားကြပြီး သင်္ဘောသားတွေဟာ ရေသူမတွေကို တွေ့ဆုံခဲ့ကြရတယ်ဆိုပြီး ပြောကြတာပါ။ သူတို့အတွေ့အကြုံတွေကလည်း အစုံပါပဲ။ ရွှေဘီးလေးနဲ့ ရေသူမတွေဟာ သူတို့ဆံပင်တွေကို သပ်ရပ်အောင် ဖြီးသင်နေကြတယ်လို့ပြောကြသလို သူတို့ရဲ့ခင်ပွန်း ဒါမှမဟုတ် အရှင်သခင်ဖြစ်တဲ့ ရေနဂါးမင်းကြီးရဲ့ သူလျှိုတွေအနေနဲ့ လူ့ပြည်ကအကြောင်းတွေကို စုံစမ်းနေကြတယ်လို့လည်း ပြောကြတာပေါ့။ ရေသူမတွေက သီချင်းဆိုကောင်းတဲ့အတွက် သင်္ဘောသားတွေကို သီချင်းဆိုပြရင်း ဖြားယောင်းပြီး ရေထဲဆွဲချ ကိုက်ဖြတ်စားသောက်တယ်လို့လည်း ပြောကြတာရှိပါတယ်။ ဒါတင်မကသေးပါဘူး ရေသူမတွေကို ပင်လယ်ထဲမှာ မြင်ရပြီဆိုတာနဲ့ မိုးကြိုးတွေပစ်၊ လျှပ်စီးတွေလက်၊ မုန်တိုင်းတွေထန်လာပြီး သင်္ဘောတွေ၊ လှေကြီးတွေ ပင်လယ်မှာ နစ်မြုပ်ကြတယ်ဆိုတဲ့ ယုံတမ်းပုံပြင်တွေ ရှိပါတယ်။ အခုအချိန်အထိကို အတ္တလန္တိတ်သမုဒ္ဒရာကြီးထဲမှာ ရေသူမတွေရှိတယ်လို့ ယုံကြည်ကြသူတွေလည်း အများကြီးရှိပါတယ်။

တိကျတဲ့ သမိုင်းမှတ်တမ်းအချို့နဲ့ ရေကြောင်းခရီးသွားတဲ့ ကိုလံဘတ်စ်လို ခရီးသွားတဲ့ လူစွန့်စားတွေရဲ့ မှတ်တမ်းအချို့မှာလည်း ရေသူမ တကယ်ရှိခဲ့တယ်။ မြင်တွေ့ခဲ့ရတယ်ဆိုပြီး ရေးသားခဲ့ကြတာမို့ ရေသူမဆိုတာ တကယ်ရှိတယ်လို့ သတ်မှတ်ကြသူတွေလည်း ရှိပါတယ်။



